မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၂၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၃၅)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘရာဇီးလ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စု သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Jose Carlos da Fonseca Junior အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စု သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Jose Carlos da Fonseca Junior အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Jose Carlos da Fonseca Junior အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

တွေ့ဆုံရာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ဇီဝစွမ်းအင်၊ သိပ္ပံနည်းပညာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဆိုင်ရာကိစ္စရပ်များတွင် လိုအပ်သော နည်းပညာများ အကူအညီပေးအပ်နိုင်ရေးနှင့် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများအား အသေးစိတ် ဆွေးနွေးကြသည်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၏ ကိုယ်ရေးမှတ်တမ်း

ဒေါက်တာမန်မိုဟန်ဆင်းသည် အိန္ဒိယနိုင်ငံ၏ (၁၄)ဦးမြောက် ဝန်ကြီးချုပ်ဖြစ်ပြီး အတွေးအခေါ်ပညာရှင်နှင့် သုတေသီတစ်ဦးအဖြစ် အသိအမှတ်ပြု လေးစားခြင်းခံရသူ ဖြစ်သည်။

ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းအား ၁၉၃၂ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်၌ မွေးဖွားခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ပန်ဂျပ်တက္ကသိုလ်မှ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို အောင်မြင်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ကိန်းဘရစ်ဂျ် တက္ကသိုလ်မှ စီးပွားရေးဆိုင်ရာ ပထမအဆင့်ဂုဏ်ထူးဘွဲ့ကိုလည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် အောက်စ်ဖို့ဒ်တက္ကသိုလ်ရှိ နပ်ဖီးလ်ကောလိပ်မှ စီးပွားရေးဆိုင်ရာ ဒေါက်တာဘွဲ့ကို လည်းကောင်း ရရှိခဲ့သည်။

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ဇနီး ဂုရှရီမာတီ ဂူရှာရန်ခါ

၎င်းနောက် ပန်ဂျပ်တက္ကသိုလ်၊ ဒေလီစီးပွားရေးတက္ကသိုလ်နှင့် UNCTAD အတွင်းရေးမှူးချုပ်ရုံးတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၇ ခုနှစ်နှင့် ၁၉၉၀ နှစ်များအတွင်း ဂျီနီဗာမြို့ရှိ UNCTAD ၏ တောင်ဒေသကော်မရှင် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

၁၉၇၁ ခုနှစ်တွင် အိန္ဒိယအစိုးရ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် စီးပွားရေးအကြံပေးအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၏ စီးပွားရေးအကြံပေးအဖွဲ့အကြီးအကဲအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ထို့နောက် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အတွင်းဝန်အဖြစ်လည်းကောင်း၊ စီမံကိန်းကော်မရှင်၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ Reserve Bank of India ၏ ဘဏ်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အိန္ဒိယဝန်ကြီးချုပ်၏ အကြံပေးအဖြစ်လည်းကောင်း၊ University Grants Commission ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း အစိုးရအဖွဲ့ရာထူးနေရာအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းနောက် ၁၉၉၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ အိန္ဒိယဘဏ္ဍာရေးဝန်ကြီးအဖြစ် ငါးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းမှ ချီးကျူးအသိအမှတ်ပြုခဲ့ရသည့် ပြည့်စုံကောင်းမွန်သော စီးပွားရေးပြုပြင်ပြောင်းလဲမှု မူဝါဒကို စတင်အကောင်အထည်ဖော်ခဲ့သည်။

ဒေါက်တာမန်မိုဟန်ဆင်း ရရှိခဲ့သော ဆုတံဆိပ်များနှင့် ဘွဲ့ထူးဂုဏ်ထူးများအနက် ထင်ရှားသောဆုများမှာ အိန္ဒိယနိုင်ငံ၏ ဒုတိယအမြင့်ဆုံး လူမှုထူးချွန်ဆု (Padma Vibhushan-1987)၊ အိန္ဒိယသိပ္ပံကွန်ဂရက်မှချီးမြှင့်သော ဂျဝါဟာလာနေရူး ရာပြည့်အထိမ်းအမှတ်ဆု (၁၉၉၅)၊ အာရှငွေကြေးဆိုင်ရာ ဘဏ္ဍာရေးဝန်ကြီးဆု (၁၉၉၃-၁၉၉၄)၊ ဥရောပငွေကြေးဆိုင်ရာ ဘဏ္ဍာရေးဝန်ကြီးဆု(၁၉၉၃)၊ ကိန်းဘရစ်ဂျ်တက္ကသိုလ်မှ ချီးမြှင့်သည့် Adam Smith ဆု (၁၉၅၆)နှင့် ကိန်းဘရစ်ဂျ်ရှိ စိန့်ဂျွန်ကောလိပ်မှ ချီးမြှင့်သော ထူးချွန်ပြောင်မြောက်သည့် စွမ်းဆောင်မှုဆိုင်ရာ Wright ဆု (၁၉၅၅)တို့ ဖြစ်သည်။ ထို့အပြင် ဂျပန်နိုင်ငံ နီဟွန်းကာဇိုင်းရှင်ဘွန်း အဖွဲ့အပါအဝင် အခြားအဖွဲ့အစည်းများစွာတို့မှ ပေးအပ်သော ဆုတံဆိပ်များကိုလည်းရရှိခဲ့ပြီး ကိန်းဘရစ်ဂျ်နှင့် အောက်စဖို့ဒ်တက္ကသိုလ်များ အပါအဝင် အခြားတက္ကသိုလ်များစွာတို့မှလည်း ဂုဏ်ထူးဆောင်ဘွဲ့များကို ရရှိခဲ့သည်။

ဒေါက်တာမန်မိုဟန်ဆင်းသည် ၁၉၉၁ ခုနှစ်မှစတင်၍ အိန္ဒိယအထက်လွှတ်တော် အမတ်တစ်ဦးဖြစ်လာခဲ့ပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အတိုက်အခံ ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းနောက် ၂၀၀၄ ခုနှစ်တွင် ကျင်းပသော အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး ယင်းနှစ် မေ ၂၂ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ၎င်းနောက် ၂၀၀၉ ခုနှစ် မေ ၂၂ ရက်တွင် ဒုတိယအကြိမ် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ဒေါက်တာ မန်မိုဟန်ဆင်းသည် ဂုရှရီမာတီ ဂူရှာရန်ခါနှင့် အိမ်ထောင်ပြုခဲ့ပြီး သမီး သုံးယောက်ရှိသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၆-၅-၂၀၁၂

ရွှေကျင်မြို့	၆ ဒသမ ၅၇ လက်မ
ပေါင်မြို့	၁ ဒသမ ၇၇ လက်မ
မြောက်ဦးမြို့	၁ ဒသမ ၅၀ လက်မ
ကျိုင်းတုံမြို့	၁ ဒသမ ၃၄ လက်မ
သထုံမြို့	၁ ဒသမ ၂၂ လက်မ

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၂၇ ရက်)

စာတတ်သင်ဖို့ ကျောင်းအပ်စို့

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်သည်။ ပညာခေတ်တွင် ပညာမတတ်၍မဖြစ်ချေ။ ပညာမတတ်လျှင် လူရာမဝင်။ ပညာတတ်မှ လူရာဝင်မည်။ ပညာတတ်ဖို့အရေးကြီးသည်။ ပညာတတ်မှ ဘဝတိုးတက်အောင်မြင်နိုင်သည်။ အမြင့်သို့တက်လှမ်းနိုင်မည်။ ပညာတတ်ရန်ကား စာတတ်ဖို့လိုသည်။ စာတတ်မှပညာတတ်မည်။ ပညာတတ်ရန်ကား စာတတ်ခြင်းသည်အခြေခံဖြစ်သည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးတိုင်းအား စာတတ်ဖို့ ကျောင်းအပ်နိုင်ရမည်။ ကျောင်းအပ်ဖို့လိုသည်။

မြန်မာနိုင်ငံတစ်ဝန်း ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ပြီး ကျောင်းအပ်နှံနေကြပြီ။ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့ရှိ အခြေခံပညာကျောင်းအားလုံးတို့၌ ကျောင်းအပ်နှံမှုကို လက်ခံဆောင်ရွက်ပေးနေကြပြီဖြစ်သည်။ မိဘများအနေဖြင့် မိမိတို့သားသမီးများ အချိန်မီ ကျောင်းအပ်ကြဖို့လိုသည်။ အချို့အကြောင်းအမျိုးမျိုးကြောင့် ဘဝကိုရုန်းကန်နေကြရသော ကလေးငယ်များအား ရှာဖွေဖော်ထုတ်ပြီး ကျောင်းတက်နိုင်ရေးအတွက် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအနေ ဖြင့် ကူညီဖြည့်ဆည်းပေးသင့်ပေသည်။ သို့မှသာ မသင်မနေရ မူလတန်းပညာရေးစနစ်သည် ထိရောက်အောင် မြင်ပေလိမ့်မည်။ ကလေးငယ်တိုင်း အခြေခံပညာမူလတန်းပညာရေးကို သင်ယူနိုင်ကြပေလိမ့်မည်။

ယခုပညာသင်နှစ်သည် ပြီးခဲ့သည့်ပညာသင်နှစ်နှင့်မတူ။ ပညာရေးဘတ်ဂျက်ကို တိုးမြှင့်ပေးထား၍ ကျောင်းသား ကျောင်းသူများအား ပိုမိုဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်သည်။ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မိန့်ကြားချက်အရ မသင်မနေရ မူလတန်းပညာရေးစနစ်သို့ဦးတည်၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစပြီး မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။ ယခု ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင်လည်း မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအားလုံးအတွက် ကျောင်းသုံးစာအုပ်အပြည့်အစုံနှင့် လေ့ကျင့်ခန်းစာအုပ် ခြောက်အုပ်စီကို အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခု ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစပြီး အလယ်တန်းပညာသင်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအတွက် ပဉ္စမတန်းမှ အဋ္ဌမတန်းအထိ ပညာသင်နှစ် လေးနှစ်တာကာလအတွင်း တစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်း ချီးမြှင့်ပေးမည်ဖြစ်သည်။ အထက်တန်းပညာသင်ဆုရသော ကျောင်းသား ကျောင်းသူများအတွက် နဝမတန်းမှ ဒသမတန်းအထိ ပညာသင်ကာလ နှစ်နှစ်အတွင်း တစ်လလျှင် ငွေကျပ်တစ်သောင်းခွဲနှုန်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဆက်လက်ပညာသင်ကြားရန် ခက်ခဲသော ကျောင်းသား ကျောင်းသူများကိုလည်း ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပညာသင်ထောက်ပံ့ကြေးခံစားခွင့်ရရှိကြသော မူလတန်းအဆင့် ကျောင်းသား ကျောင်းသူတစ်ဦးလျှင် တစ်လငွေကျပ်ငါးထောင်နှုန်းဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ငွေကျပ်ခြောက်ထောင်နှုန်းဖြင့်လည်းကောင်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူတစ်ဦးလျှင် တစ်လငွေကျပ်ရှစ်ထောင်နှုန်းဖြင့်လည်းကောင်း နှစ်စဉ်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာကျောင်းများအနေဖြင့် ပညာသင်နှစ်တစ်လျှောက်လုံးတွင် သတ်မှတ်ထားသော ရန်ပုံငွေနှင့် ကျောင်းလခတို့မှအပ အခြားမည်သည့်ငွေကြေးကိုမျှ မတောင်းခံ၊ မကောက်ခံကြရန် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။ ယနေ့ခေတ်ပြောင်းနေပြီဖြစ်သည့် အချိန်အခါတွင် ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။ သို့မှသာ နိုင်ငံတော်တွင် ပညာတတ်လူငယ် လူရွယ်များ တိုးတက်များပြားလာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရေးတွင် အထောက်အပံ့ဖြစ်စေနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများအား တွေ့ဆုံမှာကြား

နေပြည်တော် မေ ၂၆

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ မေ ၂၅ ရက်တွင် မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး မကွေး၊ မင်းဘူးနှင့် သရက်ခရိုင်တို့မှ ဥပဒေအရာရှိများနှင့်လည်းကောင်း၊ မေ ၂၆ ရက်တွင် ပခုက္ကူခရိုင်အတွင်းရှိ ဥပဒေအရာရှိများနှင့် လည်းကောင်း တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

တွေ့ဆုံ ဆွေးနွေးပွဲများတွင် ပြည်ထောင်စုရှေ့နေချုပ်က ပြောင်းလဲလာသော ခေတ်စနစ်အရ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် အကျယ်တဝင့်မှာကြားပြီး မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမောင်မောင်ဖြူတင့်နှင့် မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဇော်လင်းမောင်တို့က ဥပဒေရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။ ယင်းတင်ပြချက်များအပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝင်းက လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြောင်းနှင့် အဆိုပါခရီးစဉ်တွင် ပြည်ထောင်စုရှေ့နေချုပ်သည် ပခုက္ကူခရိုင် မြိုင်မြို့နယ် ဥပဒေရုံးနှင့် ရေစကြိုမြို့နယ် ဥပဒေရုံးများသို့လည်း သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း ပြည်တွင်းအခွန်များဦးစီးဌာန မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ အရာထမ်း၊ အမှုထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း မကွေးတိုင်းဒေသကြီးရှိ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၂၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းသည် မေ ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြည်တွင်းအခွန်များဦးစီးဌာန မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းတိုင်းသည် နိုင်ငံတော်၏ ရည်မှန်းချက်၊ ဦးတည်ချက်၊ ဌာန၏ရည်မှန်းချက်တာဝန်များကို နားလည်သဘောပေါက်ပြီး ရည်မှန်းချက်ပြည့်မီစေရေး အင်တိုက်အားတိုက် ကြိုးပမ်းကြရန်၊ ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးဆိုင်ရာ၊ အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ပြီး ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာအသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းသား ကျောင်းသူများအတွက် စာအုပ်ပွဲတော်ကျင်းပမည်

ရန်ကုန် မေ ၂၆

မိုးရာသီကျောင်းဖွင့်အမီ ကျောင်းသား ကျောင်းသူများအတွက် စာအုပ်ပွဲတော်ကို ဇွန် ၂ ရက်မှ ၆ ရက်အထိ ရန်ကုန်နှင့်မန္တလေးမြို့များရှိ Myanmar Book Center များတွင်ကျင်းပမည်ဖြစ်သည်။

ရောင်းချပေးမည်

ပညာရေးဌာနလက်အောက်ရှိ ကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် အသုံးဝင်မည့်မူလတန်းမှ IGCSE အထိ သင်ရိုးညွှန်းတမ်းစာအုပ်များ၊ Classics များ၊ Juvenile Readers များ၊ Dictionary၊ Encyclopedia များအပါအဝင် နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းစာအုပ်များကိုပါ ပြသရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(၁၆၈)**

ဦးကြည်အားရည်စူး၍ ပြည်မြို့နေ ဒေါ်ခင်စမ်းဝင်း၊ သား ကိုမိုးဇင်-မတင်မာကြူ မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ခုနစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၃)ဦးအေးမောင်သန်း လက်ခံစဉ်။

(သတင်းစဉ်)

ပညာရွှေအိုးစာကြည့်တိုက်အဆောက်အအုံသစ် ဒေါပုံမြို့နယ် ယမုံနာ(၂)ရပ်ကွက်၌ ဖွင့်

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ယမုံနာ (၂) ရပ်ကွက်တွင် ပညာရွှေအိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၊ ယမုံနာ (၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထွန်းနှင့် ပညာရွှေအိုးစာကြည့်တိုက်ဥက္ကဋ္ဌ ဦးချမ်းသာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)

ပညာရွှေအိုးစာကြည့်တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးအေးကြွယ်က ငွေကျပ် ၅၀၀၀၀၊ ဦးမျိုးထွေးက ငွေကျပ် ၅၀၀၀၀ နှင့် ဒေါ်ဝင်းဝင်းမော်က ငွေကျပ် ၃၀၀၀၀ တို့ကို လှူဒါန်းကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက သုတရသ စာအုပ် ၂၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသ စာအုပ်စာစောင် ၂၂၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ ရေကြောင်းညွှန်ကြားမှုဦးစီးဌာန(ဒေါပုံသင်္ဘောကျင်း)နှင့် အလှူရှင်များက စာအုပ်စာစောင်များ လှူဒါန်းကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၅-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၂၀ MRTV-4 သတင်း
၅:၄၀ **(၃၂)ဖြာ လက္ခဏာ** တရားတော် ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၃၄)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၈)
၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၂၀)
၂:၀၀ MRTV-4 သတင်း
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign of Love **အချစ်သင်္ကေတ** (အပိုင်း-၈)
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်**(အပိုင်း-၄၈)
၆:၀၀ MRTV-4 သတင်း
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၃၅)
၈:၀၀ MRTV-4 သတင်း
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၉)
၁၀:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၂၁)

အာဆီယံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၆

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား အာဆီယံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.DATO' ZAINAL ABIDIN BIN ZARIN၊အတွင်းရေးမှူး Ms.R.MILANI RAJASAGARAN နှင့် အာဆီယံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)**(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ (7th ASEAN PARA GAMES) ကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအပြီးတွင် ဆက်လက်လက်ခံကျင်းပနိုင်ရေးကိစ္စရပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ကာတွန်း၊ပိုစတာ၊ကွန်ပျူတာ ပန်းချီ၊ကွန်ပျူတာ ပိုစတာပြိုင်ပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၅)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ၊ ကွန်ပျူတာ ပိုစတာပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၁၄ ရက် ညနေ ၃ နာရီက ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းထွန်းတို့က အမှာစကားပြောကြားကြပြီး ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးမောင်သန်းက ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခွာနာလျှာနာရောဂါကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ခွာနာလျှာနာရောဂါသည် ရာသီအကူးအပြောင်းနှင့် စွတ်စိုသောကာလများတွင် ပိုမိုဖြစ်ပွားလေ့ရှိသဖြင့် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

၁။ ခွာနာလျှာနာရောဂါ

- ❖ ခွာနာလျှာနာဗိုင်းရပ်(စ်)ကြောင့် ဖြစ်ပွားပါသည်။
- ❖ ကျွဲနွား၊ သိုး၊ ဆိတ်၊ ဝက်စသည့် ခွာကွဲသတ္တဝါများတွင် ဖြစ်ပွားလေ့ရှိပါသည်။
- ❖ ရောဂါကျရောက်ဖြစ်ပွားပါက ခိုင်းကျွဲ၊ နွားများ လုပ်ငန်းခွင်မဝင်နိုင်ခြင်း၊ ရောဂါပျောက်ကင်းသော်လည်း အမောမလုံခြင်း၊ တိရစ္ဆာန်အမများတွင် သားလျှောခြင်း၊ သားမအောင်ခြင်း၊ မြုံခြင်းနှင့် နို့ထွက်နှုန်းလျော့ကျခြင်းများ ဖြစ်စေနိုင်ပါသည်။

၂။ ရောဂါလက္ခဏာများ

- ❖ ကိုယ်အပူချိန်တက်ခြင်း၊ မစာမစားဘဲ ငေးမှိုင်နေခြင်း၊
- ❖ သွားကြိတ်ခြင်း၊ သွားရည်ကျခြင်း၊
- ❖ လျှာ၊ အာခေါင်၊ သွားဖုံး၊ ခံတွင်းတို့တွင် အရည်ကြည်ဖုများ စတင်ဖြစ်ပေါ်လာပြီး ၎င်းမှပေါက်ပြဲ၍ အနာများဖြစ်လာကာ အစာမစားနိုင်ခြင်း၊
- ❖ ခွာကြား၊ ခွာပန်းကုံးတို့တွင်လည်း အရည်ကြည်ဖုနှင့် အနာများဖြစ်ကာ ခြေထောက်နာပြီး လမ်းမလျှောက်နိုင်ခြင်း။

၃။ ရောဂါကူးစက်ပျံ့နှံ့ခြင်း

- ❖ ဗိုင်းရပ်(စ်)ပိုးသည် ရောဂါဖြစ်တိရစ္ဆာန်၏ အနာဖေး၊ အနာသားနံ့ရည်၊ သွားရည်၊ နှာရည်၊ ဆီး၊ ဝမ်း၊ နို့၊ သုက်ရည်၊ ကိုယ်တွင်းအင်္ဂါများ စသည်တို့တွင် ပါရှိတတ်သည်။
- ❖ ရောဂါဖြစ်တိရစ္ဆာန်နှင့် ထိတွေ့ခြင်း၊ ရောဂါဖြစ်တိရစ္ဆာန်မှထွက်သည့် ရောဂါပိုးပါသော ပစ္စည်းများနှင့် ရောဂါဖြစ်ခြံရှိ အသုံးအဆောင်ပစ္စည်း၊ အလုပ်သမား၊ အဝတ်အစား၊ ဖိနပ်စသည်တို့မှတစ်ဆင့် ရောဂါကူးစက်ပျံ့နှံ့နိုင်ပါသည်။

၄။ ရောဂါကာကွယ်ခြင်း

- ❖ ရောဂါမဖြစ်ပွားမီ ကာကွယ်ဆေးထိုးရန်လိုအပ်ပါသည်။ ကာကွယ်ဆေးထိုးရန် နီးစပ်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်နိုင်ပါသည်။
- ❖ ရောဂါဖြစ်ပွားပါက ရောဂါထိန်းချုပ်မှုလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်သတင်းပို့ရပါမည်။

၅။ ရောဂါထိန်းချုပ်ခြင်း

- ❖ ကူးစက်ရောဂါဖြစ်ပွားသော တိရစ္ဆာန်နှင့်အတူနေသောတိရစ္ဆာန်တို့ကို သီးသန့်ခွဲခြားထားရမည်။
- ❖ ယင်းတိရစ္ဆာန်များ အပြင်သို့မထွက်ရန်၊ ပြင်ပမှ တိရစ္ဆာန်များ မဝင်ရောက်နိုင်ရန် စီမံဆောင်ရွက်ရမည်။
- ❖ ရောဂါဖြစ်နေသော တိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတိရစ္ဆာန်နှင့်အတူ နေသော တိရစ္ဆာန်ကိုဖြစ်စေ ရောဂါဖြစ်ပွားဆဲကာလအတွင်း ရောင်းချခြင်း၊ အခြားဒေသသို့ သယ်ဆောင်မောင်းနှင်ခြင်းမပြုရပါ။
- ❖ ယင်းတိရစ္ဆာန်၏အညစ်အကြေးများ၊ အညစ်အကြေးနှင့် ထိစပ်သော ပစ္စည်းများ၊ အစာအကြွင်းအကျန်များကို မြေမြှုပ်၍ဖြစ်စေ၊ ခြံသုံးပိုးသတ်ဆေးဖျန်း၍ ဖြစ်စေ၊ မီးရှို့၍ဖြစ်စေ ဖျက်ဆီးပစ်ရပါမည်။
- ❖ ရောဂါဖြစ်နေသောတိရစ္ဆာန်ကို ပြုစုစောင့်ရှောက်သူ၊ ယင်းခြံအတွင်း ဝင်သူတို့သည် လုပ်ငန်းဆောင်ရွက်ပြီးစီးတိုင်း တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လက်၊ ခြေထောက်၊ အဝတ်အစားနှင့် ဖိနပ်တို့ကို ဆပ်ပြာနှင့် ဆေးကြောသန့်စင်ရပါမည်။

၆။ ရောဂါကုသခြင်း

- ❖ ကျောက်ချဉ်လေးကျပ်သားကို တစ်လီတာဝင် ရေသန့်ဘူးတွင် ဖျော်စပ်၍ လျှာ၊ ပါးစပ်ကို တစ်နေ့လေးကြိမ်သုတ်လိမ်းပေးပါ။
- ❖ ခွာနာကို သန့်ရှင်းခြောက်သွေ့စေ၍ ဆေးကတ္တရာကို အနာထဲဝင်အောင် သုတ်လိမ်းပေးပါ။

၇။ ပူးပေါင်းဆောင်ရွက်ခြင်း

- ❖ ရောဂါဖြစ်လျှင် သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့အစည်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ဆောလျင်စွာ သတင်းပေးပို့၍ ရောဂါဖြစ်ပွားမှုကို လျင်မြန်စွာ ထိန်းချုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ပေးအပ် လှူဒါန်း

သာကေတမြို့နယ် ရန်ပြေလမ်းမ (၃)ရပ်ကွက် အမှတ်(၁၄၉)နေ ဦးအောင်စန်းဝင်းက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးအာဟာရပဒေသာပင်အတွက် ငွေကျပ် သုံးသိန်းကို ဘိုးဘွားရိပ်သာအလုပ်အမှုဆောင် ဦးတင်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (၀၀၉)

သံနှင့်သံမဏိညီလာခံ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် မေ ၂၆

အရှေ့တောင်အာရှ သံနှင့်သံမဏိ အသင်း၏ ၂၀၁၂ ခုနှစ် ညီလာခံကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ မေ ၂၈ ရက်မှ ၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြောင်းတကာ သံနှင့်သံမဏိစက်မှုဇုန်မှ အတွင်းရေးမှူး ဦးတင်လှိုင်၊ ဘဏ္ဍာရေးမှူး ဦးကျော်ကျော်ဦး၊ Steel King ကုမ္ပဏီ ဒါရိုက်တာ ဦးကျော်စိုးနှင့် ဦးမောင်မောင်လေးတို့ **(အပေါ်ပုံ)** ညီလာခံတက်ရောက်ရန် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာသွားကြသည်။ အဆိုပါ ညီလာခံသို့ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ် ၄၅၅ ဦးတို့ တက်ရောက်မည် ဖြစ်ကာ ကုမ္ပဏီပေါင်း ၆၈ ခုမှ လုပ်ငန်းဆိုင်ရာပြခန်းများ ခင်းကျင်းပြသမည် ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း သူ့အတွေး သူ့အမြင်

Myanmarisation မှ Globalization သို့

ကမ္ဘာရွာကြီးဖြစ်တည်လာမှုဖြစ်စဉ်တွင် မြန်မာတို့လိုက်ပါရသည်။ အကျိုးများပါသည်။ ဆိုးကျိုးနည်းပါသည်။ ဆိုးကျိုးထက်ကောင်းကျိုးများသည်ဟု ဆိုလိုရင်းဖြစ်သည်။ နည်းပါးသောဆိုးကျိုးကို နည်းသည်ထက်နည်းအောင် ဆောင်ရွက်နိုင်လျှင် မကောင်းဘူးလားဟုစဉ်းစားမိသည်။ ဤတွင် စကားလုံးသုံးလုံးကို ပေါင်းစပ်မိသည်။ Myanmar+ Rise+sation ဖြစ်ပါသည်။ Myanmarisation ဟူသော ဝေါဟာရ ဖြစ်ပါသည်။ Globalization ကြီးကို အမီလိုက်နိုင်ဖို့ Asean Visian 2020 ကို ပြည့်မီဖို့ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ် Myanmarisation ကို ဒွန်တွဲဖြစ်တည်စေလိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်။

မြန်မာလူငယ်မျိုးဆက်သစ်တို့တွင် စွမ်းရည်များစွာရှိသည်ကို နိုင်ငံတကာလူငယ်မျိုးဆက်သစ်များနှင့် နှိုင်းယှဉ်လျှင် အချို့သောဖြစ်စဉ်များ၌ ထူးချွန်မှုကို သိသာထင်ရှားစွာ တွေ့မြင်သည်။ မြန်မာလူငယ်မျိုးဆက်သစ်တို့သည် မြန်မာပီသမှုကိုထိန်းသိမ်းကြရင်း မြန်မာဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ဖို့ Myanmarisation ကို ကျင့်သုံးသင့်လှသည်။ မြန်မာမဆန်သောယဉ်ကျေးမှုအား ပုံတူကူးချမှုကို သိမ်မွေ့စွာ ဖယ်ရှားသင့်သည်။ အရောင်အသွေးပါသည့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ဟန့်တားချက်များကို နက်နဲစွာတွေးမြင်တတ်ရမည်။ စာရေးသူ ကိုယ်တိုင်လည်း ပညာရှင်တစ်ယောက်တော့မဟုတ်ပါ။ ထို့ကြောင့် "A little Knowledge is very dangerous" ဟူသောစကားရပ်မှာ မိမိကျွမ်းကျင်သည့် နယ်ပယ်မဟုတ်လျှင် ကိုယ့်ကိုယ်ကို သိလှပြီ ဟုတ်လှပြီဆိုပြီး တွေးခေါ် ဆုံးဖြတ်ဆောင်ရွက်မှုသည် တစ်ဦးတည်းကိုယ်ပိုင် ကိစ္စရပ်တွင် ကိုယ်တိုင်ပြဿနာဖြစ်တတ်ပြီး မိသားစုအတွင်း၊ ရပ်ကွက်အတွင်း၊ ကျေးရွာအတွင်း၊ မြို့နယ်အတွင်းစသဖြင့် သက်ရောက်လာလျှင်တော့ အန္တရာယ်ရှိလာသည်။ ကိုယ်သိမိ၊ တွေးမိသည်ကို ထဲထဲဝင်ဝင်ကျွမ်းကျွမ်းကျင်ကျင်ဖြစ်မှ ဆုံးဖြတ်လုပ်ကိုင်သင့်သည်။

နိုင်ငံတော်သမ္မတကြီးဦးဆောင်၍ ဒုတိယအဆင့် Reform Strategy စတင်ဆောင်ရွက်နေပြီဖြစ်သည်။ မြန်မာတို့ ဆန္ဒမစောဖို့ရန်လိုသည်။ နိုင်ငံတော်က ပြည်သူတို့၏ အခက်အခဲကို ကိုယ်ချင်းစာပါသည်။ နည်းလမ်းများရှာဖွေ၍လည်း ကြိုးပမ်းဖြည့်ဆည်းနေပါသည်။ သို့သော် အခုရေတွင်းတူး အခုရေကြည်သောက်ချင်၍မရပါ။ သတိပြုကြပါ။ အဖျက်အမှောင့်ကလည်းရှိသည်။ လျှော့လျှော့ရင်းတက်မကျိုးဖို့လိုသည်။ မြန်မာတို့မှာ မြန်မာစွမ်းရည်ရှိကြသည်။ အခက်အခဲ တွေ့လာလျှင် အတူတကွ ပူးပေါင်းဆောင်ရွက်တွန်းလှန်ဖို့လိုသည်။ သူများကို အပုပ်ချပြီးမှ ကိုယ်နာမည်ကြီးအောင်၊ သူများကိုအပြစ်ပြောပြီးမှ ကိုယ်နေရာရအောင် စတန့်ထွင်ရမည့်အချိန်မဟုတ်တော့။ Unity in the Diversity ဆိုတဲ့ခေတ်ရောက်နေပါပြီ။ ကမ္ဘာရွာဟု တင်စားရလောက်အောင် ကူးလူးဆက်ဆံသွားလာ ဆက်သွယ်ပြောဆိုရမှုများ လျင်မြန်လာသလို မြန်မာနိုင်ငံတွင်လည်း လျင်မြန်လာဖို့၊ မြန်မာရွာဖြစ်လာဖို့၊ ပြည်သူတွေချမ်းသာလာဖို့ရည်ရွယ်ဆောင်ရွက်နေပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းပြောသလို ကုန်းကာရုန်းကာလုပ်ကြမှ တန်ကာကျမည်။ အခွင့်အခါကောင်းလည်းဖြစ်သည်။ ထမင်းရည်ပူ လျှာလွှဲမဖြစ်ဖို့လိုသည်။ မရောင်ရာဆီလူး၊ လုပ်အားတွေမဆုံးရှုံးဖို့လိုသည်။ ထို့ကြောင့် ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်သကဲ့သို့ မြန်မာတို့လည်း ဖွံ့ဖြိုးတိုးတက်ဖို့ Myanmarisation ကို အမြော်အမြင်ကြီးစွာဖြင့် ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ကြပါစို့။

မောင်မန်းညို

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၇ရက် (အဖိတ်နေ့)
၂၇-၅-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၀	နံနက်ခင်းသတင်း
၈:၀၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ

နေ့လယ်ပိုင်း

၁၁:၂၀	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၂:၅၅	မြန်မာဗီဒီယိုဇာတ်လမ်း **နှင်းဆီနက္ခတ်** လူမင်း၊အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ညိုမင်းလွင်)

ညပိုင်း

၄:၃၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားစီမံအထူးပြု)(စီးပွားစီမံ)
၆:၀၀	ညနေခင်းသတင်း
၆:၁၅	မိုးလေဝသအခြေအနေ
၆:၄၀	တစ်မျက်နှာ၊တစ်ကွက်စာ **သူစောင့်တဲ့ဥပုသ်** ဝွမ်းပုံကြီး၊ဆောင်းယွန်းစံ၊ စင်သီယာ [ဒါရိုက်တာ-မေတင် (MMG)]
၈:၀၀	- ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - မိုးလေဝသအခြေအနေ

မိုးမြင့်လင်းလက် – စုစည်းသည်

ကမ္ဘာ့အကြီးဆုံးရေဒီယိုတယ်လီစကုပ်ကြီး သုံးနိုင်ငံ ပူးပေါင်းတည်ဆောက်မည်

လန်ဒန် မေ ၂၆

တောင်အာဖရိက၊ သြစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ ပူးပေါင်းပြီး ကမ္ဘာ့အကြီးဆုံးရေဒီယိုတယ်လီစကုပ်ကြီးတစ်ခုကို တည်ဆောက်မည်ဖြစ်ကြောင်း မေ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါတယ်လီစကုပ်ကြီး **(အပေါ်ပုံ)**သည် လက်ရှိကမ္ဘာပေါ်၌ အသုံးပြုနေသော အကြီးဆုံးတယ်လီစကုပ်များထက် အဆ ၅၀ ပိုမိုကြီးမားပြီး ပုံရိပ်ကို အဆပေါင်း ၁၀၀၀၀ ခန့် ချဲ့ထွင်လေ့လာသုတေသနပြုမှုများ ပြုလုပ်နိုင်ကြောင်း သတင်း၌ ဖော်ပြသည်။

တည်ဆောက်မည်

ယင်းရေဒီယိုတယ်လီစကုပ်ကြီးကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ အကုန်အကျခံကာ လာမည့် ၂၀၁၆ ခုနှစ်မှစတင်ကာ တည်ဆောက်သွားမည်ဖြစ်သည်။ ၎င်းရေဒီယိုတယ်လီစကုပ်ကြီးပြီးစီးသွားပါက အာကာသရှိ ကြယ်တာရာနှင့် ဂြိုဟ်များကို အသေးစိတ်လေ့လာသုတေသနပြုနိုင်မည်ဖြစ်သည်။

အဆိုပါရေဒီယိုတယ်လီစကုပ်ကြီးကို တောင်အာဖရိကနိုင်ငံတောင်ပိုင်းတွင် တည်ဆောက်ရန်စီစဉ်ထားသည်။ ထို့အပြင် ဆက်စပ်ချိတ်ဆက်နိုင်မည့် တယ်လီစကုပ်များကို နယူးဇီလန်နှင့် သြစတြေးလျနိုင်ငံတို့တွင်လည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

Space-X အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ချိတ်မိပြီ

ကိတ်ကာနေဗယ် မေ ၂၆

အမေရိကန်နိုင်ငံ ကိတ်ကာနေဗယ် လေတပ်အခြေစိုက်စခန်းမှ လွှတ်တင်ခဲ့သော Space-X ပုဂ္ဂလိကအာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် မေ ၂၅ ရက် ဂရင်းနစ်စံတော်ချိန် ၁၆ နာရီ ၂ မိနစ်က အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း မေ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ကတော့ပုံသဏ္ဌာန်ဖြင့် တည်ဆောက်ထားသော ၎င်း Space-X အာကာသကုန်တင်ယာဉ်သည် အရှည် ၁၉ ပေရှိကာ နိုင်ငံတကာအာကာသယာဉ်စခန်း **(ယာပုံ)**သို့ ကုန်ပစ္စည်းပေါင် ၁၀၀၀ ကျော် သယ်ဆောင်သွားခြင်းဖြစ်သည်။ ၎င်းကုန်ပစ္စည်းအများစုမှာ ရေနှင့်အဝတ်အထည်တို့ဖြစ်သည်။

အဆိုပါ ကုန်ပစ္စည်းထက်ဝက်ကျော်ကို နိုင်ငံတကာအာကာသယာဉ်စခန်းပေါ်သို့ စတင်ပြောင်းရွှေ့နေပြီဖြစ်သည်။ ယင်းအာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်း၌ သီတင်းတစ်ပတ်ကျော်ကြာ ချိတ်ဆက်နေမည်ဖြစ်သည်။ ထို့နောက် လာမည့် မေ ၃၁ ရက်၌ နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ချိတ်ဆက်ထားမှုကိုဖြုတ်ကာ ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်မည်ဖြစ်သည်။ ထိုသို့ ပြန်ဆင်းရာတွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းကမ်းလွန်သို့ ကျဆင်းရန်စီစဉ်ထားသည်။ **(အင်တာနက်)**



ကျူးဘား၌ နိုင်ငံတကာရေအောက်ဓာတ်ပုံပြပွဲကျင်းပ

ကျူးဘား၊ အီတလီနှင့် ချီလီဓာတ်ပုံဆရာများ အကောင်းဆုံးဆုရရှိ

ဟာဗားနား မေ ၂၆

ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် ကျင်းပသည့် နိုင်ငံတကာရေအောက်ဓာတ်ပုံပြပွဲ၌ ကျူးဘား၊ အီတလီနှင့် ချီလီနိုင်ငံတို့မှ ဓာတ်ပုံဆရာများ အကောင်းဆုံးဓာတ်ပုံဆု ရရှိခဲ့ကြောင်း မေ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြီးခဲ့သည့် မေ ၂၀ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သော အဆိုပါ ရေအောက်ဓာတ်ပုံပြပွဲသို့ ကျူးဘား၊ အီတလီ၊ ချီလီ၊ အာဂျင်တီးနား၊ ရုရှား၊ မက္ကဆီကိုနှင့် ကနေဒါတို့မှ ဓာတ်ပုံဆရာပေါင်း ၅၀ တို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းပြိုင်ပွဲကျင်းပခြင်းမှာ နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်မှုတစ်ရပ်အနေဖြင့် ကျင်းပခြင်းဖြစ်ပြီး ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာအောက်မှ လှပပြီး ဆွဲဆောင်မှုရှိသော ဓာတ်ပုံများကို ဓာတ်ပုံဆရာများက ရိုက်ကူးထားခြင်းဖြစ်သည်။ **(ဝဲပုံ)**

ထူးခြားဆန်းသစ်သော ဓာတ်ပုံများထဲမှ အကောင်းဆုံးဓာတ်ပုံများကို ဆုရွေးချယ်ရေးကော်မတီနှင့် ပရိသတ်များက ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၂ ခုနှစ်မှစတင်ကျင်းပခဲ့ကာ ရေအောက်ဓာတ်ပုံပြပွဲကို လာမည့် ၂၀၁၃ ခုနှစ်၌လည်း ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ဆာဟဲဒေသ၌ မိုးခေါင်ပြီးရေရှား၊ ပြည်သူ ၁၈ သန်း ရိက္ခာအကူအညီလိုအပ်

ဒါကာ မေ ၂၆

အာဖရိကတိုက် ဆာဟဲဒေသတွင် မိုးခေါင်ရေရှားပြီး သီးနှံထွက်ညံ့ဖျင်းကာ စားနပ်ရိက္ခာဈေးနှုန်းမြင့်တက်မှုတို့ကြောင့် ပြည်သူ ၁၈ သန်းခန့်မှာ အရေးပေါ်ရိက္ခာအကူအညီများ လိုအပ်နေသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ဝဲပုံ)**

မိုးခေါင်လျက်ရှိသည့် ဆာဟဲဒေသတွင် စားနပ်ရိက္ခာနှင့် အာဟာရဓာတ်ချို့တဲ့မှု ပြဿနာရှောင်လွှဲနိုင်ရေးအတွက် ဒေသဆိုင်ရာနှင့် လူသားချင်းစာနာထောက်ထားရေးအကူအညီများ ချက်ချင်းတုံ့ပြန်ပေးပို့ကြရန်လိုကြောင်း ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး ဗယ်လာရီအေမို့စ်က တိုက်တွန်းပြောကြားလိုက်သည်။

ဆာဟဲဒေသတွင် ဆီနီဂေါ်နိုင်ငံ အစိတ်အပိုင်းများ၊ မော်ရီတေးနီးယားနိုင်ငံတောင်ပိုင်း၊ မာလီနိုင်ငံ၊ ဘူကီနာဖာဆိုနိုင်ငံ၊ အယ်လ်ဂျီးရီးယားနိုင်ငံတောင်ပိုင်း၊ နိုင်ဂျာနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ ချဒ်နိုင်ငံ၊ ကင်မရွန်းနိုင်ငံမြောက်ပိုင်း၊ ဆူဒန်သမ္မတနိုင်ငံနှင့် အီရီထရီးယားနိုင်ငံတို့ပါဝင်သည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်တောင်ပိုင်း လမ်းဘေးဗုံးခွဲတိုက်ခိုက် နေတိုးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ကဘူးလ် မေ ၂၆

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားခဲ့ကြောင်း မေ ၂၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် မေ ၂၄ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် နေတိုးတပ်ဖွဲ့ဝင်နိုင်ငံခြားသားတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း နိုင်ငံတကာလုံခြုံမှုကူညီရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)က မေ ၂၅ ရက်တွင် ကြေညာသည်။

အာဖဂန်နစ္စတန်နိုင်ငံ မည်သည့်နေရာ၌ ယင်းသို့ဗုံးခွဲခံရပြီးသေဆုံးသည်၊ သေဆုံးသည့်တပ်ဖွဲ့ဝင်မှာ မည်သည့်နိုင်ငံမှဖြစ်သည်ဆိုခြင်းကို ကြေညာချက်တွင် အတိအကျဖော်ပြထားခြင်းမရှိဟုသိရသည်။ **(အင်တာနက်)**

ပါကစ္စတန်ခရီးသည်တင်ဘတ်စ်ကား တိုက်ခိုက်ခံရ

အစ္စလမ္မာဘတ် မေ ၂၆

ပါကစ္စတန်နိုင်ငံတောင်ပိုင်းတွင် ဘတ်စ်ကားတစ်စီးကို သေနတ်သမားများက တိုက်ခိုက်သဖြင့် အနည်းဆုံး လူခုနစ်ဦးသေဆုံးပြီး သုံးလေးဦးဒဏ်ရာရရှိသွားသည်။

ပါကစ္စတန်နိုင်ငံ ဆင်းပြည်နယ် နဝါကာရှားခရိုင် အမျိုးသားအဝေးပြေးလမ်းမတွင် မေ ၂၅ ရက်က ဘတ်စ်ကားကို တိုက်ခိုက်ခြင်းဖြစ်သည်။ **(ယာပုံ)**

ဆေးရုံတင်ပို့

ကရာချိမှ ပတ်ရှ်ဝါသို့ မောင်းနှင်သွားသည့် အဆိုပါ ဘတ်စ်ကားပေါ်တွင် ခရီးသည်ပေါင်း အနည်းဆုံး ၅၅ ဦး စီးနင်းလိုက်ပါသွားသည်။ မည်သည့်အတွက် ယင်းသို့ တိုက်ခိုက်သည်ကိုမူ ယခုအထိမသိရသေးဟု ဆိုသည်။ ဒဏ်ရာရသော အမျိုးသမီးများနှင့် ကလေးများကို ဆေးရုံသို့ တင်ပို့လိုက်ရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၆-၅-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

အသက် ၇၃ နှစ်အရွယ် ဂျပန်အမျိုးသမီးကြီးတစ်ဦး ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်

*အသက် ၇၃ နှစ်အရွယ် တာမေးဝါတန်ဘေး(Tamae Watanbe) အမည်ရှိ ဂျပန်အမျိုးသမီးကြီးသည် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီး ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသမီးတောင်တက်သမားဖြစ်လာသည်။ **(အပေါ်ပုံ)***

ဝါတန်ဘေးသည် သူမ၏လေးဦးပါအဖွဲ့နှင့်အတူ တရုတ်နိုင်ငံ တိဗက်ဒေသအနီးမှ ဧဝရက်တောင်သို့ သူမ၏ကိုယ်ပိုင်နည်းလမ်းဖြင့် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီး တောင်ထိပ်သို့ တက်ရောက်နိုင်သည့် အသက်ကြီးဆုံး အမျိုးသမီးအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ကမ္ဘာ့ဂင်းနက်စ်မှတ်တမ်း မှတ်တမ်းတင်ရေးခေါင်းဆောင် ခရိတ်ဂလန်ဒေး၏ကိုယ်စား ခတ္တမန္ဒူအခြေစိုက် အာရှခြေလျင်တောင်တက်ခရီးအဖွဲ့က "ဧဝရက်တောင်ထိပ်သို့ တက်ရောက်နိုင်သည့် အသက်ကြီးဆုံးအမျိုးသမီး" ဆုကို ဝါတန်ဘေးအား မေ ၂၅ရက်က ပေးအပ်ခဲ့သည်။ သူမသည် အသက် ၆၃နှစ်အရွယ် ၂၀၀၂ ခုနှစ်ကလည်း အဆိုပါဧဝရက်တောင်သို့ တက်ရောက်ခဲ့ဖူးသည်။ ဝါတန်ဘေးသည် မီတာ ၈၀၀၀ အထက်ရှိ ကမ္ဘာ့နေရာ ခြောက်နေရာမှ တောင်တစ်ဒါဇင်ကျော်ကို ဖြတ်သန်းတက်ရောက်နိုင်ခဲ့သည့် စိတ်ဓာတ်ပြင်းထန်သော တောင်တက်သမားတစ်ဦးဖြစ်သည်။ ယခင်ဧဝရက်တောင်ထိပ်သို့ တက်ရောက်ခဲ့သည့် ကမ္ဘာ့အသက်ကြီးဆုံး တောင်တက်သမားမှာ အသက် ၇၆ နှစ်အရွယ်ရှိ နီပေါလူမျိုး မင်ဘာဟာဒူရှာချန်ဆိုသူ အမျိုးသားကြီးဖြစ်သည်။

ဘရာဇီးကမ္ဘာ့ဖလားပြိုင်ပွဲလုပ်ငန်းများ ၄၀ ရာခိုင်နှုန်းကျန်ရှိ

ဘရာဇီးနိုင်ငံသည် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမတိုင်မီ နှစ်နှစ်အတွင်း လုပ်ကိုင်ရန် လုပ်ငန်းပေါင်း ၄၀ ရာခိုင်နှုန်းနီးပါး ကျန်ရှိနေသေးကြောင်း ဘရာဇီးအစိုးရက မေ ၂၅ ရက်တွင် ပြောကြားသည်။

ဘရာဇီးနိုင်ငံအတွင်း၌ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ခေတ်မီအားကစားကွင်းများ၊ လေဆိပ်များ၊ လမ်းများနှင့် သယ်ယူပို့ဆောင်မှုများအပါအဝင် လုပ်ငန်းပေါင်း ၁၀၁ ခုအတွက် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံအထိသုံးစွဲရန် စီစဉ်ထားကြောင်း၊ ယင်းလုပ်ငန်းများအနက် လုပ်ငန်း ၆၀ ကျော်စတင်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အခက်အခဲများမရှိကြောင်း အစိုးရအဖွဲ့က ဆက်လက်ပြောကြားသည်။ အားကစားကွင်း ၁၂ ခုတွင် ခြောက်ခုမှာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပရန်အတွက်ဖြစ်ကြောင်း၊၂၀၁၃ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲအတွက် အားလုံးပြီးစီးနေပြီဖြစ်ကြောင်း၊ ယင်းကွန်ဖရက်ဒေးရှင်းဖလားပြိုင်ပွဲကိုလည်း အားကစားကွင်းခြောက်ခုတွင် ကျင်းပသွားနိုင်ရန်စီစဉ်ထားကြောင်း ဘရာဇီးအားကစားဝန်ကြီး အယ်လ်ဒိုရီဘာလိုက ပြောကြားသည်။ (အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

ကမ္ဘာ့အလုပ်လက်မဲ့ဦးရေ လျော့ပါးရေး အလုပ်အကိုင်သစ်များ ဖန်တီးပေးရန်လိုအပ်

တိုး-ရေးသားသည်

ယခုနှစ်အတွင်း ကမ္ဘာ့အလုပ်သမားဦးရေ သန်း ၂၀၀ ကျော် အလုပ်လက်မဲ့ ဖြစ်နေပြီ ဖြစ်ကြောင်း နိုင်ငံတကာအလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို)၏ နှစ်ပတ်လည် အစီရင်ခံစာ၌ဖော်ပြပါရှိသည်။ ၂၀၀၈ခုနှစ် ဘဏ္ဍာငွေကြေး အကျပ်အတည်းတွေ့ချိန်မှစ၍ အလုပ်သမား သန်း ၅၀ အလုပ်ပြုတ်ခဲ့ရသည်ဟုလည်း ခန့်မှန်းထားပြီး အနည်းဆုံး နောက်ထပ်ငါးနှစ်ကြာသည့်တိုင်အောင် ကမ္ဘာနှင့်အဝန်း အလုပ်အကိုင်နှင့်ဝင်ငွေ ပြန်လည်နာလန်ထူဖွယ်

မရှိသေးကြောင်း ကြိုတင်ခန့်မှန်းလိုက်သည်။ ၂၀၁၂ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ အလုပ်လက်မဲ့နှုန်း ၆ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့အလုပ်လက်မဲ့ဦးရေ ၁၉၆ သန်းရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့အလုပ်လက်မဲ့ဦးရေ ၂၀၂ သန်းအထိ တက်လာခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ အလုပ်လက်မဲ့နှုန်း ၆ ဒသမ ၂ ရာခိုင်နှုန်းရှိကာ ကမ္ဘာ့အလုပ်လက်မဲ့ဦးရေ နောက်ထပ် ငါးသန်း ပိုတိုးလာမည်ဖြစ်ကြောင်း ခန့်မှန်းသည်။

ကမ္ဘာ့အလုပ်လက်မဲ့ဦးရေမှာ ဆက်လက်တိုးတက်နေဦးမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ် အရောက်တွင် သန်း ၂၁၀ အထိ ရောက်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းသည်။

စက်မှုထွန်းကားသည့်နိုင်ငံအများအပြား၊ အထူးသဖြင့် ဥရောပနှင့် အမေရိကမှ နိုင်ငံများတွင် ခြိုးခြံချွေတာရေးမူဝါဒများချမှတ်သည်ကိုလည်း အိုင်အယ်လ်အို အစီရင်ခံစာ၌ ဝေဖန်ထားသည်။ ခြိုးခြံချွေတာရေးအစီအစဉ်များကြောင့် စီးပွားရေးတိုးတက်ခြင်း မရှိမှုမှာ ပိုမိုဆိုးရွားသွားသည့်အတွက် ဘတ်ဂျက် လိုငွေပြမှုများ တိုးလာသည်။

ဆိုးကျိုးများ

တစ်ချိန်တည်းတွင် လူမှုရေးအသုံးစရိတ် လျှော့ချမှုကြောင့် အလုပ်အကိုင်ဆိုင်ရာ နောက်ဆက်တွဲ ဆိုးကျိုးများ ကြုံလာရသည်ဆို၏။ ဥရောပမှ အလုပ်သမားဈေးကွက် ပြုပြင်ပြောင်းလဲမှုများကြောင့် အလုပ်ရှင်များအနေဖြင့် အလုပ်သမားများကို အလုပ်ဖြုတ်ပစ်မှု၊ လုပ်ခနှင့် အကျိုးခံစားခွင့်များ ဖြတ်တောက်မှုများ ပြုလုပ်လာသည်။

ရလဒ်မှာ လုပ်ငန်းခွင်တည်ငြိမ်မှု လျော့ပါးသွားပြီး မျှတမှုများ ပိုဆိုးလာစေသည်။ အလုပ်လက်မဲ့ဦးရေ ပိုများလာသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ အသက် ၂၅ နှစ်နှင့် ၄၉ နှစ်အကြား အလုပ်အကိုင်ရှာဖွေသူ ၄၀ ရာခိုင်နှုန်းသည် တစ်နှစ်ထက် ပိုအလုပ်မလုပ်ဖူးသည့် အလုပ်လက်မဲ့များ ဖြစ်ကြသည်။ ပိုဆိုးသည်မှာ လူငယ် အလုပ်လက်မဲ့ဦးရေ တိုးပွားလာခြင်းဖြစ်သည်။

> “ လူငယ် လူကြီး အလုပ်လက်မဲ့ဦးရေများပြားလာခြင်းကို ကုစားရန်အတွက် လာမည့်၁၀နှစ်အတွင်းတွင် အလုပ်အကိုင်သစ် သန်း ၆၀၀ ဖန်တီးရန်လိုအပ်။ ”

လူငယ်အလုပ်လက်မဲ့နှုန်းမှာ ခေတ်မီနိုင်ငံများတွင် ၈၀ ရာခိုင်နှုန်းခန့်အထိ ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သုံးပုံနှစ်ပုံအထိရှိသည်။ ခေတ်မီနိုင်ငံများတွင် အလုပ်ရှာသူ ၃၆ ရာခိုင်နှုန်းမှာ အလုပ်ခွင်တွင် တစ်နှစ်ကျော်ကြာ အလုပ်မရသူများဖြစ်သည်။

ပိုများလာ

၂၀၁၂ ခုနှစ်တွင် လူငယ်အလုပ်လက်မဲ့ဦးရေ ၇၅ သန်းနီးပါးရှိမည်ဟု အိုင်အယ်လ်အိုက ခန့်မှန်းသည်။ ယင်းပမာဏမှာ အသက် ၁၅ နှစ်နှင့် ၂၄ နှစ်အတွင်း တစ်ကမ္ဘာလုံးလူငယ်လုပ်သားထု၏ ၁၂ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ ဤပမာဏမှာ ၂၀၀၇ ခုနှစ်ကထက် လူငယ်အလုပ်လက်မဲ့ဦးရေ လေးသန်းနီးပါး ပိုများလာခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်လူငယ် အလုပ်လက်မဲ့နှုန်းမှာ ၂၀၁၁ ခုနှစ်က ၁၂ ဒသမ ၆ ရာခိုင်နှုန်းထက် အနည်းငယ်သာပိုသော်လည်း ၂၀၀၉ ခုနှစ် အကျပ်အတည်းကာလ လူငယ်အလုပ်လက်မဲ့နှုန်းနှင့်မူ အတူတူပင်ဖြစ်သည်။

ဤကဲ့သို့ လူငယ် လူကြီးအလုပ်လက်မဲ့ဦးရေများပြားလာခြင်းကို ကုစားရန်အတွက် လာမည့် ၁၀နှစ်အတွင်းတွင် အလုပ်အကိုင်အခွင့်အလမ်း သန်း ၆၀၀ ကျော် ဖန်တီးရန် လိုအပ်ကြောင်း အိုင်အယ်လ်အိုက တိုက်တွန်းလိုက်သည်။

အလုပ်လက်မဲ့ ပြဿနာဖြေရှင်းရန် အစိုးရများက အစွမ်းကုန်ကြိုးပမ်းသည့်ကြား၌ပင် ၂၀၁၂ ခုနှစ်တွင် အလုပ်လက်မဲ့ပြဿနာမှာ ဆက်လက် ခေါင်းထောင်နေဆဲဖြစ်သည်။ ကမ္ဘာတစ်ဝန်း၌ အလုပ်လုပ်နိုင်သူသုံးဦးတွင် တစ်ဦးက အလုပ်လက်မဲ့ ဖြစ်နေသည်။ တစ်နည်းဆိုရသော် ကမ္ဘာ့ပြည်သူ ၁ ဒသမ ၁ ဘီလီယံခန့်မှာ အလုပ်လက်မဲ့ဘဝ သို့မဟုတ် ဆင်းဆင်းရဲရဲနေထိုင်အသက်ရှင်နေကြရသည်ကို တွေ့ရသည် ဆို၏။ ထိုထိုသော အခြေအနေ၌ စီးပွားရေးလုပ်ငန်းများတွင် အလုပ်အကိုင်များ ဖန်တီးပေးရေးကို နံပါတ်(၁)ထိပ်တန်းဦးစားပေးလုပ်ငန်းအဖြစ် ဖော်ဆောင်ရန် လိုအပ်နေသည်။

ဤအကျပ်အတည်းမှ ရုန်းထွက် ကျော်လွှားခြင်း ရှိမရှိဆိုသည်မှာ နောက်ဆုံးတွင် ကမ္ဘာ့နိုင်ငံအစိုးရများ၏ မူဝါဒများ ထိရောက်ပီပြင်မှု ရှိမရှိပေါ်တွင် မူတည်နေရာ အားလုံးဝိုင်းဝန်းကြိုးပမ်းကြရမည်သာ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

မြန်မာ့အလင်း နိုင်ငံတကာသတင်းမြင်ကွင်း ဇော်ဦးခိုင်-ရေးသည်

ပီကာဆို၏ အကြီးဆုံးပန်းချီကား ပြင်သစ်၌ပထမဆုံးပြသမည်

ပါရီ မေ ၂၆

ကမ္ဘာ့ပန်းချီအကျော်အမော် ပါဘလိုပီကာဆို၏ ရေးဆွဲခဲ့သမျှထဲမှ အကြီးဆုံးပန်းချီကားကို ၂၁ နှစ်အတွင်း ပထမဆုံးအဖြစ် ပြင်သစ်နိုင်ငံတွင် ပြသတော့မည် ဖြစ်သည်။ **(အပေါ်ပုံ)**

၁၉၁၇ ခုနှစ် ဘဲလေးကပွဲနောက်ခံဖြစ်ရပ်အား ရေးဆွဲထားသည့် ပီကာဆို၏ ယင်းပန်းချီကားသည် အကျယ် ၁၆ မီတာရှိပြီး အမြင့် ၁၀ မီတာရှိသော ပန်းချီကားကြီးဖြစ်သည်။

ခင်းကျင်းပြသ

ပါရီမြို့အတွင်းရှိ ပွမ်ပီဒေါစင်တာတွင် ထိုပန်းချီကားအတွက်နေရာပေးနိုင်မှု အခက်အခဲကြောင့် ထိန်းသိမ်းထားခဲ့ရခြင်းဖြစ်ပြီး ယခုတွင် စင်တာ၏ ရုံးချုပ်ဖြစ်သော မတ်ဇ်ပြတိုက်၌ ခင်းကျင်းပြသတော့မည် ဖြစ်သည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံတွင် ခရီးသည်တင်ဘတ်စ်ကားတိမ်းမှောက် ခရီးသည် ၂၀ သေဆုံး၊ ဒဏ်ရာရသူ ၂၀ ကျော်ရှိ

အစ္စလမ္မာဘတ် မေ ၂၆

ပါကစ္စတန်နိုင်ငံတွင် အချက်အချာကျသော မြို့တစ်မြို့ဖြစ်သည့် ရာဟမ်ယာခမ်းမြို့အတွင်း မေ ၂၅ ရက်ကညပိုင်းက ဘတ်စ်ကားတစ်စီးတိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ၂၀ ကျော်သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၂၀ ကျော်ရှိခဲ့ကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားချန်နယ်ဖြစ်သည့် PTUကသတင်းထုတ်လွှင့်ခဲ့သည်။

တိမ်းမှောက်

ယာဉ်တိမ်းမှောက်မှုမှာ ယင်းနေ့ည ၁၀ နာရီခန့်ကဖြစ်ကြောင်း၊ နိုင်ငံတောင်ပိုင်းရှိ ဆိပ်ကမ်းမြို့ဖြစ်သော ကရာချိမြို့သို့ဦးတည်သည့် ခရီးစဉ်အတွင်း ပန်ဂျပ်ပြည်နယ်တောင်ဘက်ပိုင်း ရာဟမ်ယာခမ်းမြို့ ဇာဖာရာဘတ်ဒေသအတွင်း တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုသတင်းရလျှင်ရချင်း ကယ်ဆယ်ရေးအဖွဲ့များ ဖြစ်ပွားရာသို့ အလျင်အမြန်ရောက်ရှိခဲ့သည်။ ဆိုးရွားစွာ ပျက်စီးသွားသည့် ဘတ်စ်ကားအတွင်းမှ သေဆုံးသူများနှင့် ဒဏ်ရာရသူများအား မြို့တွင်းရှိဆေးရုံနှစ်ရုံသို့ အသီးသီးခွဲပို့ခဲ့သည်။

ဒဏ်ရာရသူများတွင် အချို့မှာ စိုးရိမ်စရာကောင်းသည့်အခြေအနေတွင်ရှိသဖြင့် သေဆုံးသူဦးရေ ထပ်တိုးလာဖွယ်ရှိကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ယာဉ်တိမ်းမှောက်ရသည့် အကြောင်းအရင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ဆုံး ဂီတတူရိယာများ

ဘာလင် မေ ၂၆

ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ဂီတတူရိယာများအဖြစ် ဂျာမနီနိုင်ငံ တောင်ပိုင်းတွင် တွေ့ရှိခဲ့သော ပလွေများကို သုတေသနပညာရှင်များက ဆန်းစစ် အတည်ပြုနိုင်ပြီ ဖြစ်သည်။



ခေတ်သစ်လူသားတို့ ဥရောပဒေသအတွင်း ဝင်ရောက်လာခြင်းကို သက်သေပြုနိုင်သည့် ယခု ပလွေတူရိယာများကို ငှက်ရိုးနှင့် အမွေးရှည် မျိုးသုဉ်းဆင်ကြီးများ၏ အစွယ်ဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ **(ယာပုံ)**

သိပ္ပံပညာရှင်များ၏ ကာဗွန်နည်းပညာသုံး သက်တမ်းခွဲခြားမှုအရ သက်တမ်း ၄၂၀၀၀ မှ ၄၃၀၀၀ ကြားရှိသော ပလွေများဖြစ်ကြောင်း ခွဲခြားနိုင်ခဲ့ပြီး တွေ့ရှိချက်ကို လူသား ဖြစ်စဉ် (Human Evolution) ဂျာနယ်တွင် မေ ၂၅ ရက်က ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်

အောက်စ်ဖို့ဒ်တက္ကသိုလ်မှ ပါမောက္ခ တွမ်ဟစ်ချ်ဟမ်ဦးဆောင်သည့် အဖွဲ့က အဆိုပါ ပလွေများ၏သက်တမ်းကို တွက်ချက်ခဲ့ခြင်းဖြစ်ပြီး ယင်းတူရိယာများကို တူးဖော်တွေ့ရှိခဲ့သည့် စဝဘ်ဗီးယန်းဂျုရားဒေသရှိ ဂိုင်ဆင်ကလိုစတာလီ လိုဏ်ဂူအတွင်းက တိရစ္ဆာန်အရိုးများကိုလည်း သုတေသနလုပ်ငန်းအတွက် သက်တမ်းတွက်ချက်ခဲ့ကြသည်။ “လွန်ခဲ့သော နှစ် ၄၀၀၀၀ နှင့် ၄၅၀၀၀အကြား လူသားမျိုးနွယ်တို့ ကျင်လည်လှုပ်ရှားမှုနှင့် နည်းပညာတီထွင်မှုတို့ကို လေ့လာခွင့်ရခဲ့ကြောင်း၊ ဥရောပဒေသအတွင်း ၎င်းလူသားမျိုးနွယ်များ ဝင်ရောက်ကြရာတွင် ဒါနူဘီမြစ်က အခရာကျသည့်လမ်းကြောင်းဖြစ်ကြောင်း ကျွန်တော်တို့ ယူဆထားသည်နှင့် ယခုတွေ့ရှိချက်က အကြောင်းအကျိုးညီညွတ်မှု ရှိနေပါတယ်” ဟု ဂိုင်ဆင်ကလိုစတာလီ လိုဏ်ဂူကို တူးဖော်ခဲ့သူ ပါမောက္ခနစ်ကွန်နက်က ပြောကြားခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း ကမ္ဘာတစ်လွှားရှေးဟောင်းသုတေသနသတင်း

ရှေးဟောင်းဦးခေါင်းပုံကျောက်သားရုပ်တုများ၏ မြေအောက်မြုပ်နေသော ကိုယ်ထည်များကို တူးဖော်တွေ့ရှိ

လော့စ်အိန်ဂျလိစ် မေ ၂၆

ကမ္ဘာ့အထင်ကရအထိမ်းအမှတ်များတွင် ပစိဖိတ်သမုဒ္ဒရာအီစတာကျွန်းပေါ်ရှိ လူဦးခေါင်းပုံကျောက်သားပန်းပုရုပ်တုများသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

ပင်လယ်ဘက်မျက်နှာမူကာ ရှိနေသည့် တိတ်ဆိတ်သောကျွန်းစောင့်ကြီးများဟု တင်စားကြသော ယင်းကျောက်သားရုပ်တုများကို ဦးခေါင်းပိုင်းသာရှိသော ရုပ်တုများဟု အများစုက ထင်မှတ်ထားသည်။

ပြောကြား

သို့သော် ရုပ်တုများအားလုံးသည် ခန္ဓာကိုယ်ပါရှိသော ရုပ်တုများဖြစ်ပြီး ပခုံးအောက်ပိုင်းမှစ၍ မြေအောက်နစ်မြုပ်နေသော ရုပ်တုများဖြစ်ကြောင်း တူးဖော်မှုပြုကြည့်ရာမှ တွေ့ရှိခဲ့ရသည်ဟု အီစတာကျွန်းရုပ်တုများ စီမံကိန်း ဒါရိုက်တာ ဂျိုအန်နီဗန်က ပြောကြားသည်။

ယခုအချိန်တွင် အဆိုပါရုပ်တုများအနက် ရုပ်တုနှစ်ခုကို တူးဖော်ကြည့်ပြီးဖြစ်ရာ မြေအောက်တွင် နစ်မြုပ်နေသော ကိုယ်ထည်ပိုင်းအား ဖော်ထုတ်ထားပြီဖြစ်သည်။ ထိုရုပ်တုနှစ်ခုသည် ခုနစ်မီတာအထိမြင့်ကြပြီး အလေးချိန်ခြောက်တန်ခန့်ရှိကြောင်း၊ ယခုရုပ်တုများနှင့် ပတ်သက်သည့် သမိုင်းတစ်ဝက်ကို ဖော်ထုတ်နိုင်ခြင်းဖြစ်ကြောင်း ပညာရှင်များကပြောကြားသည်။

ယုံကြည်ထား

အီစတာကျွန်းတွင် ကင်းစောင့်ကျောက်ရုပ်တု စုစုပေါင်း ၈၈၇ခု အထိရှိပြီး ၎င်းရုပ်တုများကို အေဒီ၁၁၀၀ ခုနှစ်မှ ၁၈၀၀ ခုနှစ်များအတွင်း ရှေးဟောင်း ပိုလီနီရှန်းလူမျိုးများ ထွင်းထုခဲ့ခြင်းဖြစ်သည်ဟု ပညာရှင်များက ယုံကြည်ထားသည်။ **(ယာပုံ) (အင်တာနက်)**

နိုင်ငံတကာအားကစားသတင်း

မောင်မောင်မြင့်ဆွေ-စုစည်းသည်

လေးလုံးဆက်တိုက် ဂရင်းဆလမ်ဖလား ဂျိုကိုဗစ်ဆွတ်ခူးရန် မျှော်လင့်



ပါရီ မေ ၂၆

ဆားဘီးယားတင်းနစ်ကစားသမားဂျိုကိုဗစ်သည်လေးလုံးဆက်တိုက် ဂရင်းဆလမ်ဖလားကို ဆွတ်ခူးရန် မျှော်လင့်ထားသည်။ ဂျိုကိုဗစ်သည် ဝင်ဘယ်ဒန်ဖလား၊ ယူအက်စ်အိုးပင်းဖလားနှင့် ဩစတြေးလျအိုးပင်းဖလားတို့ကို ဆွတ်ခူးထားခဲ့ပြီးဖြစ်သည်။ ၎င်းသည် မကြာမီ ပြင်သစ်နိုင်ငံ၌ ကျင်းပမည့် ပြင်သစ်အိုးပင်းဖလားကို ဆွတ်ခူးရန် မျှော်လင့်ထားသည်။ ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲကို မေ ၂၇ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ဆွတ်ခူးနိုင်သူ

ကမ္ဘာ့နံပါတ်တစ်တင်းနစ်ကစားသမား ဂျိုကိုဗစ် **(အပေါ်ပုံ)**သည် ပြင်သစ်အိုးပင်းဖလားကို ဆွတ်ခူးနိုင်ပါက လေးလုံးဆက်တိုက်ဂရင်းဆလမ်ဖလားကို ဆွတ်ခူးနိုင်သူဖြစ်လာမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ဂျိုကိုဗစ်ဖလားဆွတ်ခူးနိုင်ခဲ့ပါက ၁၉၆၉ခုနှစ်က တင်းနစ်ကစားသမားရော့ဒ်လာဗာပြီးနောက် ပထမဆုံး ဂရင်းဆလမ်ဖလားကို ဆွတ်ခူးနိုင်သူဖြစ်လာမည်ဖြစ်သည်။ **(အင်တာနက်)**

ဝီဂန်နည်းပြ မာတီနက်ဇ်အား လီဗာပူးနည်းပြလုပ်ရန်ကမ်းလှမ်း

လန်ဒန် မေ ၂၆

ရော်ဘတ်တိုမာတီနက်ဇ်ကို လီဗာပူးနည်းပြအဖြစ် ကမ်းလှမ်းထားကြောင်း ဝီဂန်အသင်းပိုင်ရှင် ဒေ့ဗ်ဝီလန်းက ပြောကြားသည်။

မာတီနက်ဇ် **(ဝဲပုံ)**ကို လီဗာပူးအသင်းပိုင်ရှင်က တရားဝင် ကမ်းလှမ်းထားပြီဖြစ်ကြောင်း ဝီဂန်အသင်းပိုင်ရှင်က ဆက်လက်ပြောကြားသည်။ စပိန်နိုင်ငံသား မာတီနက်ဇ်နှင့် လီဗာပူးမှ အမေရိကန် ဖန်ဝေးအားကစားအုပ်စုမှ သူဌေးများက အမေရိကန်နိုင်ငံ မီယာမီမြို့၌ တွေ့ဆုံစဉ် မာတီနက်ဇ်အား လီဗာပူးနည်းပြတာဝန်ထမ်းဆောင်ရန် ကမ်းလှမ်းထားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲ ဂျမေကာအပြေးမယ် ဘရောင်းဗိုလ်စွဲ

ပရာဂ့ဂ် မေ ၂၆

ချက်သမ္မတနိုင်ငံ ပရာဂ့်မြို့တွင်ကျင်းပလျက်ရှိသော နိုင်ငံတကာပြေးခုန်ပစ်အဖွဲ့ချုပ်၏ ပြေးခုန်ပစ်ပြိုင်ပွဲကို မေ ၂၆ ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲ၌ ဂျမေကာအပြေးမယ် ကမ်ဘဲလ်ဘရောင်းက ၂၂ ဒသမ ၃၈ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။ ***(ယာပုံ)***

ကမ်ဘဲလ်ဘရောင်းသည် တာထွက်ကတည်းက ဦးဆောင်နိုင်ခဲ့ပြီး ပန်းဝင်ချိန်၌လည်း လွတ်လွတ်ကျွတ်ကျွတ် ပန်းဝင်နိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အမေရိကန်အပြေးမယ် ဘင်ကာနိုက်က ၂၂ ဒသမ ၈၅ စက္ကန့်ဖြင့် ဒုတိယပန်းဝင်ခဲ့ပြီး နောက်ထပ် အမေရိကန်အပြေးမယ် တောင်ဆင်က ၂၃ ဒသမ ၁၈ စက္ကန့်ဖြင့် တတိယနေရာမှ ပန်းဝင်ခဲ့သည်။

ထို့အတူ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၌ ဂျမေကာအပြေးသမား အူစိန်ဘို့က ၁၀ ဒသမ ၀၄ စက္ကန့်ဖြင့် ပထမ၊ အမေရိကန်အပြေးသမား ကောလင်းစ်က ၁၀ ဒသမ ၁၉ စက္ကန့်ဖြင့် ဒုတိယရရှိကာ နောက်ထပ်အမေရိကန်အပြေးသမား ပက်တန်က ၁၀ ဒသမ ၂၂ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

တစ်ဖန်အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲ၌ အမေရိကန်အပြေးသမား ဝေါလ်လေ့စပါရာမွန်က ၂၀ ဒသမ ၁၄ စက္ကန့်ဖြင့် ပထမ၊ ဂျမေကာအပြေးသမား အင်ဒါဆင် က ၂၀ ဒသမ ၄၁ စက္ကန့်ဖြင့် ဒုတိယ၊ ဗြိတိန်အပြေးသမား မိုက်ကယ်မက်သရူးက ၂၀ ဒသမ ၄၅ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲ၌ အမေရိကန်အပြေးသမား မာတစ်က ၄၅ ဒသမ ၁၃ စက္ကန့်ဖြင့် ပထမ၊ ဒိုမီနီကန်အပြေးသမား ဆန်တို့စ်က ၄၅ ဒသမ ၇၆ စက္ကန့်ဖြင့် ဒုတိယ၊ ကွန်ဂိုအပြေးသမား ဘရီနက်စ်က ၄၅ ဒသမ ၈၄ စက္ကန့်ဖြင့် တတိယရရှိခဲ့ကြသည်။ တစ်ဖန်အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲ၌ အမေရိကန်အပြေးမယ် ရစ်ချက်ရို့စ်က ၅၀ ဒသမ ၆၅ စက္ကန့်ဖြင့် ပထမ၊ ဂျာမနီအပြေးမယ် ခရစ္စတင်းအိုဟူယူအို ဂိုက ၅၁ ဒသမ ၁၉ စက္ကန့်ဖြင့် ဒုတိယ၊ ဂျမေကာအပြေးမယ် ပက်ထရစ်စီရာဟောက ၅၁ ဒသမ ၇၅ စက္ကန့်ဖြင့် တတိယအသီးသီးရရှိခဲ့သည်။ ***(အင်တာနက်)***

ဘရပ်ဆဲလ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ရက်ဝမ်စကာနှင့် ဟာလက်တို့ ဗိုလ်လုပွဲတက်ရောက်

တင်းနစ်မယ် ရက်ဝမ်စကာ

ဘရပ်ဆဲလ် မေ ၂၆

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ကျင်းပလျက်ရှိသော ဘရပ်ဆဲလ် အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း အကြိုဗိုလ်လုပွဲစဉ်များကို မေ ၂၆ ရက်က ယှဉ်ပြိုင်ကစားရာ တင်းနစ်မယ် ရက်ဝမ်စကာနှင့်ဟာလက်တို့ နိုင်ပွဲများရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားကြပြီ ဖြစ်သည်။

ပိုလန် တင်းနစ်မယ် ရက်ဝမ်စကာနှင့် အက်စတိုးနီးယားတင်းနစ်မယ် ကာနေပီတို့ပွဲတွင် ရက်ဝမ်စကာက ၇-၆ (၁၀၊ ၈)၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ရက်ဝမ်စကာသည် ယခုပွဲ၌ အချိန်နှစ်နာရီခန့်မျှ ယှဉ်ပြိုင်ကစားခဲ့ရပြီး ခက်ခဲစွာ ယှဉ်ပြိုင်ခဲ့ရသည်။ ကာနေပီ၏ ထောင့်ဖြတ်ရိုက်ချက်များဖြင့် စပေးဘောရိုက်ချက်များကို အမှားအယွင်းနည်းစွာ တုံ့ပြန်နိုင်ခဲ့၍သာ ယခုပွဲ၌ ရက်ဝမ်စကာအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ကာနေပီသည် နောက်ပိုင်း၌ အမှားအယွင်းများလာခဲ့ပြီး စိုးရိမ်စိတ်များမှုကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် ရိုမေးနီးယားတင်းနစ်မယ် ဟာလက်နှင့် ဆွီဒင်တင်းနစ်မယ် အာဗစ်ဆင်တို့ပွဲတွင် ဟာလက်က ၆-၄၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဟာလက်သည် ယခုပွဲ၌ အားပါပြီးပြင်းထန်သော စပေးဘောများမှတစ်ဆင့် အမှတ်များ ရယူနိုင်ခဲ့သည်။ ထို့အပြင် အာဗစ်ဆင်၏ အပိုင်ရိုက်ချက်များကိုလည်း ဟာလက်က တုံ့ပြန်ကစားနိုင်ခဲ့၍ အနိုင်ရရှိခဲ့ခြင်းလည်းဖြစ်သည်။ ဟာလက်၏တန်ပြန်ရိုက်ချက်များမှာ ပြင်းထန်တိကျသဖြင့် အမှတ်များရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစားမြင်ကွင်း

မြင့်မောင်စိုး – စုစည်းသည်

တိုက်စစ်မှူး ဟွတ်အား ဒရော့ဘာနေရာ၌ ချယ်လ်ဆီးအစားထိုးဖွယ်ရှိ



လန်ဒန် မေ ၂၆

ပေါ်တို တိုက်စစ်မှူး ဟွတ်က သူ့အနေဖြင့် ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဘရာဇီးတိုက်စစ်မှူး ဟွတ် ***(ယာပုံ)****သည် ပေါ်တိုအသင်းမှ ထွက်ခွာလျှင် ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ လောလောဆယ်တွင် ချယ်လ်ဆီးအသင်းသည် ဥရောပ၌ စိတ်ဝင်စားဆုံးကလပ်ဖြစ်သည်ဟုလည်း ၎င်းက ပြောကြားသည်။ ချယ်လ်ဆီးက တိုက်စစ်မှူး ဒရော့ဘာ တရုတ်ကလပ်သို့ ထွက်ခွာသွားပြီးနောက် တိုက်စစ်မှူးတစ်ဦး ရှာဖွေလျက်ရှိသည်။ ဟွတ်အား တိုက်စစ်မှူး ဒရော့ဘာနေရာတွင် အစားထိုးဖွယ်ရှိသည်။ ချယ်လ်ဆီးနှင့်ပေါ်တိုကလပ်တို့အကြား ၎င်းကစားသမားပြောင်းရွှေ့ရေး မကြာမီဆွေးနွေးကြမည် ဟုဆိုသည်။* ***(အင်တာနက်)***

ဂျော်ဒန်တိုက်စစ်မှူး ရှိဒက်စ် ပရီမီယာလိဂ်သို့ ရောက်မည်



လန်ဒန် မေ ၂၆

ဂျော်ဒန်တိုက်စစ်မှူး ရှိဒက်စ်အား ဖူလ်ဟမ်၊ အဲဗာတန်နှင့်အက်စ်တွန်ဗီလာတို့က စာချုပ်ရန် အပြိုင်ကြိုးစားလျက်ရှိကြသည်။ ဟွတ်ဒါဖီးလ်ကလပ်တွင် ကစားနေသော တိုက်စစ်မှူး ရှိဒက်စ်အား ပေါင်ရှစ်သန်းဖြင့် ခေါ်ယူရန် အဆိုပါ ကလပ်သုံးသင်းက အပြိုင်ကြိုးစားလျက်ရှိကြသည်။

နီးစပ်နေ

တိုက်စစ်မှူး ရှိဒက်စ် **(ယာပုံ)**သည် ပြီးခဲ့သော ရာသီက ဂိုးပေါင်း ၄၀ အထိ သွင်းယူပေးနိုင်ခဲ့သော တိုက်စစ်မှူးဖြစ်သည်။ ၎င်းသည် ပရီမီယာလိဂ်ကလပ်တစ်သင်းသင်းနှင့် စာချုပ်ရန် နီးစပ်နေပြီဖြစ်သည်။

တိုက်စစ်မှူး ရှိဒက်စ်သည် ဟွတ်ဒါဖီးလ်ကလပ်တွင် အဓိက ကစားနေသော တိုက်စစ်မှူး ဖြစ်သည်။ ပရီမီယာလိဂ်တန်းတက် ဝက်စ်ဟမ်းက ၎င်းအား ပေါင်ခြောက်သန်းပေးခေါ်ယူရန် ကြိုးစားခဲ့သော်လည်း ၎င်းကလပ်က ပယ်ချခဲ့သည်။ **(အင်တာနက်)**

တိုက်စစ်မှူး ဘာဘာတော့ဗ် ပီအက်စ်ဂျီသို့ပြောင်းရွှေ့မည်

လန်ဒန် မေ ၂၆

မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ်သည် အသင်းမှထွက်ခွာတော့မည်ဖြစ်သည်။ ဘာဘာတော့ဗ်၏ အေးဂျင့်နှင့် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီတို့ ဆွေးနွေးနေပြီဖြစ်သည်။

မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ်

ဘာဘာတော့ဗ်သည် ပီအက်စ်ဂျီသို့ ပြောင်းရွှေ့ကစားရန် နီးစပ်နေပြီဖြစ်သည်။ ပီအက်စ်ဂျီအသင်းက ဘာဘာတော့ဗ်အား ပြီးခဲ့သည့် ဇန်နဝါရီလကတည်းက ခေါ်ယူရန် ဆက်သွယ်ထားခဲ့သည်။ ဘာဘာတော့ဗ်၏ အေးဂျင့်သည် ပြင်သစ်မြို့တော် ပါရီသို့ ဘာဘာတော့ဗ်ပြောင်းရွှေ့ရေးအတွက် ရောက်ရှိဆွေးနွေးလျက်ရှိသည်။

မန်ယူတွင် တိုက်စစ်မှူးနေရာ ပုံမှန်ကစားခွင့်မရခဲ့၍ ဘာဘာတော့ဗ်သည် ပီအက်စ်ဂျီသို့ ပြောင်းရွှေ့ကစားရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ချက် မီတာ ၁၀၀ ပြေးပွဲ အူစိန်ဘို့ စံချိန်သစ်တင်

အိုစထရာဗာ မေ ၂၆

ဂျမေကာတာတိုအပြေးသမား အူစိန်ဘို့သည် ချက်သမ္မတနိုင်ငံ၌ ကျင်းပသော အမျိုးသား မီတာ ၁၀၀ ပြေးပွဲတွင် စံချိန် ၁၀ ဒသမ ၀၄ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။

စံချိန်သစ်

အူစိန်ဘို့ **(ဝဲလယ်ပုံ)** သည် အိုလံပစ်အားကစားပြိုင်ပွဲ မတိုင်မီ နှစ်လအလိုတွင် ကမ္ဘာ့အကောင်းဆုံး စံချိန်သစ်ကို တင်ခဲ့ခြင်းဖြစ်သည်။

ဗြိတိသျှ တာတိုအပြေးသမား ချန်းဘားစ်က ဂိုးလ်ဒင်းစပိုက်ဟု အမည်ပေးထားသော အဆိုပါတာတိုပြေးပွဲတွင် စံချိန် ၁၀ ဒသမ ၂၈ စက္ကန့်ဖြင့် ပဥ္စမသာရခဲ့သည်။

အမေရိကတိုက်ရှိ လီဝပ်ဒ်ကျွန်းစုမှ စိန်းကစ်နှင့် နေးဗစ်နိုင်ငံမှကင်းကောလင်းက စံချိန် ၁၀ ဒသမ ၁၉ စက္ကန့်ဖြင့် ဒုတိယဆုရခဲ့သည်။ ယင်းပြိုင်ပွဲတွင် အမေရိကန်မှ ဒေးဗစ်ပက်တန်က စံချိန် ၁၀ ဒသမ ၂၂ စက္ကန့်ဖြင့် တတိယဆုရခဲ့သည်။ **(အင်တာနက်)**

27-5 (06).pmd 1 5/27/2012, 1:24 AM

မြန်မာ–ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မေ ၂၆

ထိုင်းနိုင်ငံ Office of the Board of Investment (BOI) မှ Senior Executive Investment Advisor, Mrs.Hirunya Suchinal ဦးဆောင်၍ စီးပွားရေးလုပ်ငန်းရှင်ကုမ္ပဏီ ၅၀ မှ အဖွဲ့ဝင် ၇၆ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၈ရက် မွန်းလွဲပိုင်းတွင် အင်းလျားလိတ် ဟိုတယ်မင်္ဂလာခန်းမ၌ကျင်းပမည်ဖြစ်ရာ နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များသည် ရော်ဘာလုပ်ငန်းအမျိုးမျိုး၊ အာမခံလုပ်ငန်း၊ ဓာတုပစ္စည်းလုပ်ငန်း၊ ပို့ဆောင်ရေး ဆိုင်ရာလုပ်ငန်း၊ ပို့ကုန် သွင်းကုန်ဆိုင်ရာလုပ်ငန်း၊ မော်တော်ယာဉ်နှင့်မော်တော်ယာဉ် အပိုပစ္စည်းအမျိုးမျိုး၊ အထည်ချုပ်လုပ်ငန်း၊ စိုက်ပျိုးရေး စားသောက်ကုန်ထုတ်လုပ်ငန်း၊ ဆီအုန်းလုပ်ငန်း၊ စက်ပစ္စည်းအမျိုးမျိုး၊ စက်သုံးဆီလုပ်ငန်း၊ ဒီဇိုင်းလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းနှင့်အပိုပစ္စည်း အမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ အအေးခန်းလုပ်ငန်းပစ္စည်းကိရိယာများ ဖြန့်ဖြူးရေးလုပ်ငန်း၊ သတ္တုလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်း၊ စားသောက်ကုန်ပစ္စည်းနှင့် ထုပ်ပိုးခြင်းဆိုင်ရာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ရေနံဓာတ်ငွေ့လုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းအမျိုးမျိုးကို အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ ထိုင်းကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် UMFCCI ဖုန်း- ၂၁၄၃၄၄-၄၉၊ လိုင်းခွဲ-၁၂၁၁၂၂ သို့ ဆက်သွယ်၍ အမည်စာရင်းပေးသွင်းနိုင်သည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကမာရွတ်၌ကျင်းပ

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဦးဝိစာရလမ်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၅ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်စန္ဒာအောင်က ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)** ထို့နောက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးဗဟိုကော်မတီဝင် ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးကိုကိုကျော်စိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ အလှူရှင်များက ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြသည်။

(၁၆၃)

ကျိုင်းတုံ၌ စီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပ

ကျိုင်းတုံ မေ ၂၆

ကျိုင်းတုံခရိုင်၏ ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၇ ရက် နံနက် ၁၀ နာရီက ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်တင်က ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းက စီမံကိန်းတာဝန်ပေးအပ်လွှာများကို ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် ကျိုင်းတုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဦး **(အပေါ်ပုံ)**၊ မိုင်းခတ်မြို့နယ်၊ မိုင်းယန်းမြို့နယ်၊ မိုင်းလားမြို့နယ် အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ထွေ/အုပ်)

စာပေမြင့်မှ လူမျိုးတင့်မည်

ကျန်းမာရေးသတင်းသုတ ကျန်းမာရေးသတင်းသုတ

အာကာကျော် – ရေးသားသည်

အေအိုင်ဒီအက်စ်ကုသနိုင်သည့် ဆေးတောင့်

ချီကာဂို မေ ၂၇

ယခုအခါ အနှစ် ၃၀ ကျော်ကြာ အေအိုင်ဒီအက်စ်တိုက်ဖျက်ရေး ဆောင်ရွက်ပြီးခဲ့ကြသည့်နောက် အိတ်ချ်အိုင်ဗွီပိုးရပ်စ် တားဆီးကာကွယ်နိုင်မည့် ဆေးတောင့်တစ်မျိုးကို တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်သည်။ (ဝဲပုံ)

အဆိုပါ အေအိုင်ဒီအက်စ်ကာကွယ်တားဆီးရေးဆေးတောင့်ကို Truvada ဟု အမည်ပေးထားသည်။ ၎င်းကို တစ်နေ့တစ်လုံး သောက်သုံးပေးခြင်းဖြင့် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်လိမ့်မည်ဟု ဆိုသည်။

ယင်းဆေးဝါးကို အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးအတွက် အသုံးပြုသင့်ကြောင်း အမေရိကန်အစားအစာနှင့် ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က သဘောတူလက်ခံထားသည်။ သို့သော် ယင်းဆေးဝါးမှာ ဈေးနှုန်းအလွန်မြင့်မားနေသည်။ အေအိုင်ဒီအက်စ်ဝေဒနာရှင်တစ်ဦးအနေဖြင့် ယင်းဆေးဝါးကို သုံးစွဲရန်မှာ အလွန်ဈေးနှုန်းမြင့်မားနေသည်။ လူနာတစ်ဦးအနေဖြင့် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၁၁၀၀၀ မှ ၁၄၀၀၀ အထိ ကုန်ကျနိုင်သည်ဟု ဆိုသည်။ အမေရိကန်အစားအစာနှင့် ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(အက်ဖ်ဒီအေ) က အဆိုပါဆေးဝါးကို ၂၀၀၄ ခုနှစ်ကတည်းက အေအိုင်ဒီအက်စ် ပိုးရပ်စ်ကူးစက်ခံရသူများအား ကုသရန် သဘောတူညီထားသည်။

(အင်တာနက်)



အဆိုတော်တေလာဆွစ် မတ်ဖော်စတာနဲ့တွဲပြီ

လော့စ်အိန်ဂျလိစ် မေ ၂၆

အဆိုတော် တေလာဆွစ်နဲ့ မတ်ဖော်စတာတို့စတင်တွဲနေကြပြီလို့ သတင်းများထွက်ပေါ်လျက်ရှိပါတယ်။ မတ်ဖော်စတာဆိုတာ Foster The People တီးဝိုင်းကို တည်ထောင်တဲ့သူပါ။ သူတို့နှစ်ယောက်ဟာ မကြာသေးမီက နေ့လယ်စာ စားပွဲတစ်ခုမှာ ဆုံစည်းကြရာက အတွဲဖြစ်သွားတယ်လို့ သတင်းများက ဆိုပါတယ်။

အဆိုတော်တေလာဆွစ် **(အပေါ်ပုံ)**နဲ့ ဖော်စတာတို့ဟာ မကြာသေးမီက လော့စ်အိန်ဂျလိစ်မြို့ရဲ့ အထင်ကရဆိုင်တစ်ဆိုင်ဖြစ်တဲ့ ကဖေးရိုးမားမှာ နေ့လယ်စာအတူစားခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် သူတို့တွဲနေတဲ့အကြောင်း မသိစေချင်လို့ သတင်းထောက်တွေကို ဓာတ်ပုံရိုက်ခွင့်မပြုဘူးလို့ ဆိုပါတယ်။ အဆိုတော် တေလာဆွစ်ဟာ ယခင်ကလည်း အဆိုတော် ဂျိုးဂျိုနက်စ်၊ ရုပ်ရှင်မင်းသားတေလာလောက်နား၊ ဂျိတ်ဂရင်းဟယ်တို့နဲ့ တွဲခဲ့ပါတယ်။ အဲဒီတုန်းက ဖော်စတာဟာ ရုပ်ရှင်မင်းသမီး မစ်ချဲလ်ထရန်တန်ဘတ်နဲ့ တွဲနေခဲ့ပါတယ်။

(အင်တာနက်)

ကိုယ်ပိုင်အသုံးအဆောင်များ ထုတ်လုပ်ချင်တဲ့ ဂျက်ဆီးဂျေ

လန်ဒန် မေ ၂၆

အဆိုတော်ဂျက်ဆီးဂျေ** (ယာပုံ)**က အနာဂတ်မှာ ကိုယ်ပိုင်ရေမွှေး၊ ကိုယ်ပိုင်အဝတ်အစား ထုတ်လုပ်သွားဖို့စီစဉ်နေတယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

"ကျွန်မကိုယ်ပိုင် တီဗွီရှိုးတွေကို သဘောကျသလို ကိုယ်ပိုင်ရေမွှေးနဲ့ ကိုယ်ပိုင်အဝတ်အစားတွေကိုလည်း ထုတ်လုပ်သွားချင်ပါတယ်။ လူတိုင်းဟာ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်စတိုင်ကို လိုလားကြပါတယ်။ ဒီအတွက်ကျွန်မလည်း ကြိုးစားနေပါတယ်လို့" အဆိုတော်ဂျက်ဆီးဂျေက ပြောပါတယ်။

ဒီလိုကိုယ်ပိုင်မူဟန်တွေနဲ့ ထုတ်လုပ်လို့ရလာတဲ့ ငွေတွေနဲ့ လူမှုရေးလုပ်ငန်းတွေမှာ လှူဒါန်းပေးချင်တယ်လို့လည်း သူမကဆိုပါတယ်။ နောက်ဆိုရင် ဝတ်ဆင်ထားတဲ့ လက်ဝတ်ရတနာတွေနဲ့ မိတ်ကပ်တွေကိုလည်း ဂျက်ဆီးဂျေဆိုတဲ့ နာမည်နဲ့ထုတ်လုပ်သွားချင်ပါတယ်လို့ သူမကပြောပါတယ်။

(အင်တာနက်)

ရုပ်ရှင်မင်းသမီးကြီး ဂျိမ်းဖောင်ဒါ ဂျင်နီဖာလိုပက်ဇ်ကို လှလွန်းသူဟုဆို

လန်ဒန် မေ ၂၆

အဆိုတော် ဂျင်နီဖာလိုပက်ဇ် **(အပေါ်ပုံ)**ဟာ ကမ္ဘာမှာ အလှဆုံးအမျိုးသမီးတစ်ယောက်ဖြစ်တယ်လို့ အသက် ၇၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရုပ်ရှင်မင်းသမီးကြီး ဂျိမ်းဖောင်ဒါက ပြောကြားလိုက်ပါတယ်။

အဆိုတော် ဂျင်နီဖာလိုပက်ဇ်ဟာ အမေရိကန် အိုင်ဒေါလ် သီချင်းဆိုပြိုင်ပွဲတွေမှာ ထူးချွန်ပြောင်မြောက်စွာ သီဆိုခဲ့တဲ့ အဆိုတော်ဖြစ်ပါတယ်။ "သူမရဲ့အလှဟာ အဆိုတော်တွေထဲမှာတော့ အလွန်ကြည့်လို့ကောင်းတဲ့အဆိုတော်ပါ။ မျက်နှာရော ခန္ဓာကိုယ်အလှပါ ပိုင်ဆိုင်ထားတဲ့အဆိုတော် ဖြစ်ပါတယ်"လို့ ဂျိမ်းဖောင်ဒါက ပြောကြားပါတယ်။

လိုပက်ဇ်ဟာ Talent Show တွေမှာ ခေါင်းဆောင်အဆိုတော်တစ်ဦးအဖြစ် အောင်မြင်ကျော်ကြားတဲ့ အဆိုတော်လည်းဖြစ်တယ်လို့ သူမကပြောပါတယ်။

(အင်တာနက်)

ကောင်းမြတ်သူ – စုစည်းသည်

ဖက်ရှင်ဆိုင်တွေထောင်ဖို့ ကြိုးစားနေတဲ့ ဗစ်တိုးရီးယားဘက်ခမ်း

လန်ဒန် မေ ၂၆

*အဆိုတော်၊ ဒီဇိုင်နာဗစ်တိုးရီးယား ဘက်ခမ်း **(ယာပုံ)**က လန်ဒန်မြို့ရဲ့ အချက်အချာကျတဲ့နေရာ တစ်နေရာမှာ ဖက်ရှင်စတိုးဆိုင်ကြီးတစ်ဆိုင် ဖွင့်ဦးမယ်တဲ့။*

အသက် ၃၈နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဗစ်တိုးရီးယားဘက်ခမ်းဟာ ကမ္ဘာမှာ ဖက်ရှင်နဲ့ အလွန်အောင်မြင်ကျော်ကြားနေသူဖြစ်ပါတယ်။ သူမဟာ ၂၀၁၁ခုနှစ်ရဲ့ ဗြိတိသျှအကောင်းဆုံးဖက်ရှင်ဆုဆွတ်ခူးထားသူဖြစ်ပါတယ်။ အဆိုတော်ဒီဇိုင်နာ ဗစ်တိုးရီးယားဟာ သီးခြားကိုယ်ပိုင်ဖက်ရှင်ဆိုင်ထောင်ပြီး သူမရဲ့ဖက်ရှင်တံဆိပ်တွေနဲ့ အာရှဈေးကွက်ကို ထိုးဖောက်ဖို့ကြိုးစားနေသူဖြစ်ပါတယ်။

စီစဉ်နေ

"လူအများက ကျွန်မကို ကိုယ်ပိုင်ဖက်ရှင်ဆိုင် ထောင်တော့မှာလားလို့မေးနေကြပါတယ်။အဲဒီဖက်ရှင်ဆိုင်ထောင်တဲ့အလုပ်ဟာကျွန်မအကြိုက်ဆုံးအလုပ်ပါ။ ဒါကြောင့် လန်ဒန်မှာ နာမည်ကြီးဖက်ရှင်ဆိုင်တစ်ဆိုင် တည်ထောင်ဖို့စီစဉ်နေပါတယ်။ မကြာခင်ဖွင့်နိုင်ပါလိမ့်မယ်" လို့လည်း ဗစ်တိုးရီးယားဘက်ခမ်းက ပြောပါတယ်။ ပြီးခဲ့တဲ့လက ဗစ်တိုးရီးယားဘက်ခမ်းဟာ ပေကျင်းနဲ့ ဟောင်ကောင်မြို့တွေကို သမီးဖြစ်သူ ဟာပါနဲ့အတူ သွားရောက်ခဲ့ပါတယ်။ အကြောင်းကတော့ အာရှမှာ သူမရဲ့ ဖက်ရှင်ဆိုင်တွေဖွင့်ဖို့နဲ့ သူမရဲ့ဖက်ရှင်အမှတ်တံဆိပ်တွေ ပရိုမိုးရှင်း လုပ်ဖို့သွားခဲ့တယ်လို့ဆိုပါတယ်။ သူမရဲ့ဖက်ရှင်တံဆိပ်ပါ ဟမ်းဘတ်အိတ်လှလှလေးတွေ ကမ္ဘာတစ်ဝန်း ရောင်းချခဲ့ရာမှာ ၂၀၁၁ ခုနှစ် ပထမဆုံးလအတွင်း ပေါင် ၁၅ သန်းရခဲ့တယ်လို့ ဆိုပါတယ်။ ဒါဟာ လွန်ခဲ့တဲ့ အလားတူအချိန်နဲ့နှိုင်းစာရင် ၇၀ရာခိုင်နှုန်းတိုးတက်လာတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဗစ်တိုးရီးယားဘက်ခမ်းဟာ ကိုယ်ပိုင်ဖက်ရှင်ဆိုင်တွေထောင်ပြီး ကမ္ဘာတစ်ဝန်းရောင်းချဖို့ ကြိုးစားနေပါတယ်။

(အင်တာနက်)

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်

ဦးကြိုင်မြင့်(ဆူးလေ)

ထေရဝါဒဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံတွင် ပုဂံခေတ်အနော်ရထာမင်း လက်ထက်မှစတင်၍ ယနေ့တိုင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် "နေလိုလလို" ထွန်းလင်းတောက်ပခဲ့၏။ မြန်မာတို့သည် ဗုဒ္ဓဘာသာအပေါ်အခြေခံ၍ မြန်မာ့ယဉ်ကျေးမှုကို တည်ဆောက်ခဲ့ကြ၏။

ယနေ့ ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓဘာသာအကြောင်းကို သိနားလည်အောင် နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်လာအောင်ကြိုးစားရမည်။ ယုံကြည်သည့်အတိုင်း၊ သိနားလည်သည့်အတိုင်း ကျင့်ကြံလိုက်နာအားထုတ်နိုင်ဖို့လည်း လိုအပ်ပေသည်။

ဗုဒ္ဓဘာသာသည် မေတ္တာတရား၊ ကိုယ်ချင်းစာတရားတို့ကို အလေးထား၍ သူတစ်ပါးတို့အား မထိခိုက်မနစ်နာစေဘဲ အပြစ်ကင်းအောင် ပြုမူ၊ ပြောဆို၊ ကြံစည်၊ လုပ်ကိုင်ကြရန် မြတ်ဗုဒ္ဓက အဆုံးအမပြု၏။ သူ့အသက်ကိုသတ်ခြင်း၊ သူတစ်ပါးမပေးသော ပစ္စည်းဥစ္စာကိုခိုးယူခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ သေရည်အရက်နှင့် မူးယစ်ဆေးဝါးများကို သုံးစွဲခြင်းတို့မှ ရှောင်ကြဉ်ခြင်းတည်းဟူသော အခြေခံကျသည့် အလွန်မွန်မြတ်သန့်စင်သည့် "ဂရုဓမ္မတရား၊ ပဉ္စသီလတရား၊ ကျင့်ဝတ်ငါးပါး"သည် ဗုဒ္ဓဘာသာဝင်တို့၏ အခြေခံကျင့်စဉ် တရားဖြစ်၏။

ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကို တရားဓမ္မဖြင့် ထိန်းသိမ်းနေထိုင်နိုင်သဖြင့် ကမ္ဘာပေါ်တွင် အယဉ်ကျေးဆုံး၊ အသိမ်မွေ့ဆုံးကျင့်ဝတ်နီတိများ ဖြစ်လာ၏။ ယဉ်ကျေးလိမ္မာသည့်လူမျိုးအဖြစ် ပေါ်ထွန်းစေ၏။ ဂုဏ်ယူစရာကောင်းလှ၏။ မြတ်ဗုဒ္ဓဘုရားရှင်သည် "သိင်္ဂါလသုတ်"သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ဆရာကျင့်ဝတ် စသည့်ကျင့်ဝတ်တရားများကိုလည်းကောင်း၊ ကြီးပွားချမ်းသာကြောင်းဖြစ်သော မင်္ဂလာတရားတော်တို့ကိုလည်းကောင်း၊ ဓမ္မပဒစသော ကျမ်းဂန်များနှင့်နီတိကျမ်းများတွင်ရှိသည့် အဆုံးအမ၊ ဩဝါဒများသည် လည်းကောင်း မြန်မာတို့အား ယဉ်ကျေးမှုအရာ၌ အထွတ်အထိပ်သို့ရောက်အောင် ပို့ဆောင်ပေးကြ၏။ ထို့ပြင် ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော မိသားစုဘဝများ၊ မြန်မာ့လူ့အဖွဲ့အစည်းများကိုလည်း ဖြစ်ထွန်းပေါ်ပေါက်စေ၏။

သူစိမ်းတစ်ရံဆံဖြစ်စေကာမူ အသက်အရွယ်ကိုလိုက်၍ ညီလေး၊မောင်လေး၊ ညီမလေး၊ အစ်ကို၊ အစ်မ၊ ဦးဦး၊ ဒေါ်ဒေါ်၊ ဘကြီး၊ အမေကြီး၊ အဘိုး၊ အဘွား စသည်ဖြင့်မေတ္တာတရားရှေ့ထား၍ ခေါ်ဝေါ်ပြောဆိုကြ၏။ လူကြီးများအား ဂါရဝတရားရှေ့ထား၍ မာန်မာနနှိမ့်ချကာ ကျွန်တော်၊ ကျွန်မဟု သုံးနှုန်းပြောဆိုကြ၏။ အခက်အခဲ၊ အကျပ်အတည်းနှင့် ကြုံနေရသူတို့အား ကိုယ်ချင်းစာတရား၊ မေတ္တာတရား၊ ကရုဏာတရားရှေ့ထား၍ ကူညီကြ၊ စောင့်ရှောက်ကြ၏။

အလှူဒါနပေးကမ်းလှူဒါန်းရာတွင်လည်း မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးနှင့်မျှမတူ မြို့ရော၊ တောပါမကျန်၊ ပြည်နယ်၊ ပြည်မ မကျန် လှူဒါန်းပွဲများလှိုင်နေ၏။ ကုသိုလ်ယူကြရာတွင် ဖောင်ဒေးရှင်းများ၊ အဖွဲ့အစည်းများ အလျှိုလျှိုပေါ်လာကြ၏။ ကျန်းမာရေး၊ ပညာရေး၊ နာရေးပါမကျန် ကုသိုလ်ယူကြ၊ ကုသိုလ်ပြုကြသည့် မင်္ဂလာသတင်းများကို နေ့စဉ်ဖတ်ရှု သိရှိနေကြရ၏။

သို့သော် အကောင်း၊ အဆိုး၊ အကျိုး၊ အပြစ် ဒွန်တွဲနေသည့် နိယာမသဘောတရားအရလည်း လောဘ၊ ဒေါသ၊ မောဟများဖုံးလွှမ်း၍ အပျက်သဘော၊ အကုသိုလ်သဘောဆောင်သည့် အကြောင်းအရာတို့ကလည်းရှိသေး၏။

အထူးသဖြင့် ဟီရိဩတ္တပ္ပအထိန်းအကွပ်မရှိသော နိုင်ငံရပ်ခြား စာပေ၊ ဂီတ၊ ရုပ်ရှင်များကို အခြေခံ၍ တဏှာ၊ ရာဂ၊ မောဟ အမိုက်အမှောင်ကို တိုးပွားစေသော ဝတ်စားဆင်ယင်မှု၊ သီဆိုကပြမှုစသည့်အကျင့်စရိုက်များ၊ မင်္ဂလာတရားတော်များကို ကျော်ခိုင်းကာ မကောင်းမှုဒုစရိုက်အမှုများ တိုးပွားလျက်ရှိသည်ကိုလည်းတွေ့ရ၏။ ဤအမူအကျင့်တို့သည် အကုသိုလ်ကံများကိုဖြစ်စေပြီး အပါယ်လေးပါးသို့ ပို့ဆောင်ပေးနေသည်ကို သတိပြုကြရမည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့မိသားစုဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့အသိုက်အဝန်း၊ အာရှအသိုက်အဝန်း၊ အာဆီယံအသိုက်အဝန်းတို့တွင် ပါဝင်နေရပြီး နိုင်ငံစုံ၊ ယဉ်ကျေးမှုအစုံ၊ စရိုက်အစုံမှာပါဝင်နေရသည်။ ကောင်းသည်ကိုယူ၍ မကောင်းသည်ကိုပယ်ရမည်။ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုမပျောက်မပျက်အောင် ထိန်းသိမ်းကာကွယ်ရမည်။ စောင့်ရှောက်ရမည်။ အကောင်းတွေတိုးပွားအောင် ဂရုတစိုက် ဆောင်ရွက်ကြရမည်။

ဘုရားရှင်သည် အင်္ဂုတ္တရမြန်မာပြန်၊ ဒုစ္စရိတဝိပါကသုတ်တွင် "သူ့အသက်ကိုသတ်ခြင်းသည် ငရဲ၌ဖြစ်စေတတ်၏။ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ သူ၏အသက်ကိုသတ်ခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သောအခါ အသက်တိုခြင်းကို ဖြစ်စေတတ်၏။"

"ပိုင်ရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းသည် ငရဲကိုဖြစ်တတ်၏။ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ ပိုင်ရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သောအခါ စည်းစိမ်ဥစ္စာပျက်စီးခြင်းကို ဖြစ်စေတတ်၏။"

"ကာမဂုဏ်၌ မှားယွင်းသောအားဖြင့် ကျင့်ခြင်းသည် ငရဲ၌ဖြစ်စေတတ်၏။ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ ကာမဂုဏ်တို့၌ မှားယွင်းသောအားဖြင့် ကျင့်ခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သောအခါ ရန်သူတို့နှင့်တကွ ဖြစ်စေတတ်၏။" (ရန်သူပေါ၏)

"မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းသည် ငရဲ၌ဖြစ်စေတတ်၏။ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ မဟုတ်မမှန်သော စကားကိုပြောဆိုခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သောအခါ မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲခံရခြင်းကို ဖြစ်စေတတ်၏။"

"ကုန်းတိုက်စကားပြောခြင်းသည် ငရဲ၌ဖြစ်စေတတ်၏။ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ ကုန်းတိုက်စကားပြောခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သောအခါ အဆွေခင်ပွန်းတို့နှင့် ကွဲပြားခြင်းကို ဖြစ်စေတတ်၏။"

"ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းသည် ငရဲ၌ဖြစ်စေတတ်၏။ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း၏အပေါ့ဆုံးအကျိုးသည် လူဖြစ်သောအခါ မနှစ်သက်ဖွယ်သော အသံကို ဖြစ်စေတတ်၏။"

"ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းသည် ငရဲ၌ဖြစ်စေတတ်၏။ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်း၏အပေါ့ဆုံးအကျိုးသည် လူဖြစ်သောအခါ သူတစ်ပါးကို မနာယူအပ်သော စကားရှိသည်ကို ဖြစ်စေတတ်၏။"

"သေအရက်ကို သောက်ခြင်းသည် ငရဲ၌ဖြစ်စေတတ်၏။ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ သေအရက်ကိုသောက်ခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သောအခါ ရူးသွပ်ခြင်းကို ဖြစ်စေတတ်၏"ဟု ရှင်တော်မြတ်ဘုရား မိန့်ကြားခဲ့၏။

မည်သို့ပင်ဖြစ်စေ အပါယ်လေးပါးဘုံသို့ ကျရောက်ရမည်ကို မည်သူအလိုရှိမည်နည်း၊ သို့သော်. . . "ပဉ္စသီလ"ကို အလေးဂရုမထား၍ တိကျစွာလိုက်နာကျင့်သုံးနိုင်ခြင်းအားနည်းသဖြင့် လူ့ဘောင်လောကသည် အရှုပ်အထွေး၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတို့ဖြင့် ဖုံးလွှမ်းနေ၏။

လူတန်းစားအလွှာစုံရှိသည့် လူ့ဘောင်လောက၌ လိုက်နာကျင့်သုံးရမည့် သိက္ခာ၊ သမာဓိ၊ ပညာဟူသောသိက္ခာသုံးရပ်ပြည့်စုံကြဖို့ မကောင်းမှုကိုရှောင်ကြဉ်ခြင်း၊ မကောင်းမှုမှရှက်ခြင်း၊ ကြောက်ခြင်းတည်းဟူသော ဟီရိဩတ္တပ္ပတရားနှစ်ပါးကို ကျင့်သုံးကြပြီး အဂတိတရားလေးပါးရှောင်ရှားကာ ဗြဟ္မာစိုတရားထွန်းကားပြန့်ပွားသည့် မြန်မာ့လူ့ဘောင်သစ်ဆီသို့ လက်တွဲညီညီလျှောက်လှမ်းကြရန်လိုအပ်ပါ၏။ ပြည်သူပြည်သားအချင်းချင်း နေ့စဉ် တိုက်ခိုက်နေရသည့် စစ်မီးလျှံကိုလည်း ငြိမ်းချမ်းစေချင်ပါ၏။ လောဘ၊ ဒေါသ၊ မောဟတို့ ချုပ်ငြိမ်းစေချင်၏။

ယနေ့ ကမ္ဘာတွင် နိုင်ငံအသီးသီး၌ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို တစ်နည်းမဟုတ်တစ်နည်း ခံစားနေကြရ၏။ ကမ္ဘာ့သတင်းများအနက် အနိဋ္ဌာရုံများ ဖုံးလွှမ်းနေ၏။ ဗုဒ္ဓဘာသာနိုင်ငံတစ်နိုင်ငံဖြစ်သည့် မိမိတို့နိုင်ငံသည် ဗုဒ္ဓ၏အဆုံးအမ၊ ဗုဒ္ဓ၏တရားဓမ္မတို့နှင့်အညီ ကျင့်ကြံနေထိုင်ပွားများကြကာ ကပ်ကြီးသုံးပါးကို ကျော်လွှားလွန်မြောက်နိုင်ရန် အာရုံစိုက်ဖို့လို၏။ ပြည်သူများကောင်းစားစေဖို့ မိမိတို့ကာယ၊ ဉာဏစွမ်းပကားအလိုက် အကျင့်သီလနှင့်အညီ နေထိုင်လုပ်ကိုင်ကြဖို့ တိုက်တွန်းလိုက်ရပါ၏။

ထိုမှတစ်ဖန် မိမိတို့သည် နေ့စဉ်ပြောဆို၊ ကြံစည်၊ လုပ်ကိုင်သမျှတို့သည် ကုသိုလ်တရားပွားများဖြစ်ထွန်းစေ၍ အကျိုးမရှိ အနှစ်မပါသော အကုသိုလ်တရားများ ရှောင်ရှားနိုင်ကြပါစေ. . . . ဟု. . . . မေတ္တာရေသွန်းလောင်းလိုက်ရပါ၏။ ။

❖ ကျောဖုံးမှ

သိပ္ပံနည်းကျ စိုက်နည်းစနစ်များဖြင့် လိုက်နာစိုက်ပျိုးပါက တစ်ဧက ပျမ်းမျှ တန် ၅၀ အထက် ထွက်ရှိနိုင်မည်ဖြစ်ပြီး ကြံသီးနှံ တစ်တန်၏ ဈေးနှုန်းမှာ ငွေကျပ်သုံးသောင်းဖြစ်သည့်အတွက် တစ်ဧကဝင်ငွေ ကျပ် ၁၅ သိန်းအထက် ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကြံစိုက်တောင်သူများအတွက် ဝင်ငွေနှစ်ဆမက ချက်ချင်း တိုးတက်စေနိုင်မည်ဖြစ်ခြင်းကြောင့် တွက်ခြေကိုက် အကျိုးဖြစ်ထွန်းနိုင်သော သီးနှံအမယ်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ သကြားစက်ရုံများမှ ကြံကုန်ကြမ်း တိုးတက်ထွက်ရှိမှုသာလျှင် ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည် ဖြစ်ကြောင်း၊ ကြံစိုက်ဧက တိုးချဲ့ရေးသာမက တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ စိုက်နည်းစနစ်နှင့် မျိုးပြောင်းလဲရေးကို အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက စံနမူနာပြ တောင်သူပညာပေး စိုက်ခင်းများသို့ လာရောက်လေ့လာရကျိုးနပ်စေရေး တောင်သူများအား နယ်မြေအလိုက် စံနမူနာပြသလက်တွေ့ စိုက်ပျိုးပြသကြရန်နှင့် ကြံစိုက်ဧကများတိုးတက်လာစေရေးနှင့် အထွက်နှုန်းကောင်းရေးတို့အတွက် အထူးအထွက်တိုးကြံမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်းနှင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များနှင့် သွင်းအားစု ထည့်သွင်းခြင်း၊ ပေါင်းလုံးခြင်း၊ ရေသွင်းခြင်း၊ အပင်ပြုစုခြင်းစသော နည်းပညာများကို တောင်သူများအား အကျိုးပြုအောင် ဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ ကြံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းမြင့်က ပျဉ်းမနား၊ ရေတာရှည်၊ မြို့လှတို့ရှိ သကြားစက်ရုံများအတွက် လိုအပ်သော စက်ကြိတ်ကြံများ ရရှိရေးအတွက် မျိုးကောင်းမျိုးသန့် အထူးအထွက်တိုးကြံများ စိုက်ပျိုး၍ တောင်သူများအား တစ်ဧက အထွက်တန် ၆၀ အထက် ရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် မိုးစိုက်ကြံစိုက်ခင်းသစ်များ ဆောင်ရွက်ခြင်းဖြင့် စိုက်ခင်းတစ်ဧကမှ ခြောက်ဧကစာ မျိုးကြံထုတ်လုပ်နိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် လေ့လာရေးတောင်သူများသည် ခြောက်လသား သက်တမ်းရှိ မျိုးသန့်မျိုးပွား ကြံစိုက်ခင်း တစ်ဆက်တစ်စပ်တည်း ၁၀ ဧက စိုက်ကွင်းအတွင်း အသေးစိတ်ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းဆွေးနွေး

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုရှိ ငွေချည် (၆)ချည်မျှင်ရှည်ဝါ မျိုးသန့်မျိုးပွား ၁၀ ဧက စိုက်ခင်းသို့ ရောက်ရှိကြရာ ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဝါသီးနှံဌာနညွှန်ကြားရေးမှူး ဦးအောင်မော်တို့က လေ့လာရေး ရောက်ရှိလာကြသော ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်းမြို့နယ်များမှ ဝါစိုက်တောင်သူ ၇၅ ဦးတို့အား ချည်မျှင်ရှည်ဝါသီးလုံး လေးလုံးလျှင် တစ်ကျပ်သားဖြင့် တစ်ပင်လျှင် သီးလုံး ၄၀ အထက် သီးနေပြီး တစ်ဧက အပင် ၁၀၀၀၀ ခန့်ရှိသည့်အတွက် ပိဿာ ၁၀၀၀ အထက် သေချာစွာထွက်ရှိမည့် အခြေအနေများကို ဝါသီးလုံးများအား

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု(၂၀၁၂)ဖွင့်ပွဲ

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် မေ ၂၆

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် မေ ၂၅ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု (၂၀၁၂)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ယင်လုံအိမ်သာခွက်များကို မုံရွာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညွှန့်စိုးထံ ပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ကလေးလူနာများအား ကြည့်ရှုအားပေးသည်။

ယင်းနောက် အောင်သာကျေးရွာ ပြည်တော်သာ ကန်ဦးစေတီတော်အား ဖူးမြော်ကြည်ညိုကာ ပြည်တော်သာ ကန်ဦးစေတီ-မိုးညှင်းသမ္ဗုဒ္ဓေလမ်း ကျောက်ခင်း ဂျင်းတင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ဆက်လက်ပြီး ပွဲချိန် ၂၅ မိနစ်၌ ရိုဒရီကွက်ဇ်ကပင် တစ်ဂိုး ထပ်မံသွင်းယူခဲ့သဖြင့် ဘာစီလိုနာတို့ ပထမပိုင်း ပွဲချိန်အတွင်းမှာပင် သုံးဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ဘီလ်ဘာအိုတို့ ချေပဂိုးများ မသွင်းနိုင်ခဲ့သဖြင့် ပွဲအပြီး ဘာစီလိုနာတို့က သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ဆွတ်ခူးနိုင်

ဘာစီလိုနာတို့ ယခုစပိန်ဘုရင့်ဖလား ဆွတ်ခူးရရှိခဲ့ခြင်းကြောင့် နည်းပြ ဂွာဒီယိုလာလက်ထက်တွင် ၁၄ လုံးမြောက်ဖလား ရယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ယင်းဖလားများမှာ စပိန်လာလီဂါဖလားသုံးကြိမ်၊ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်၊ ဖီဖာကမ္ဘာ့ကလပ်ဖလားနှစ်ကြိမ်၊ ယူအီးအက်ဖ်အေ စူပါဖလား နှစ်ကြိမ်၊ စပိန်စူပါဖလား သုံးကြိမ်နှင့် စပိန်ဘုရင့်ဖလားနှစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

ပုလဲသွယ်စပ်မျိုးစပါး နွေစပါးစံကွက်ရိတ်သိမ်းပွဲ ပြည်မြို့

ပြည် မေ ၂၆

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင် ခေတ္တရာဟသာ ဆန်စပါးအထူးပြုကုမ္ပဏီ၏ ခေတ်မီစံပြ စိုက်ခင်းတွင် စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါး စံပြကွက်ရိတ်သိမ်းပွဲကို မေ ၁၇ ရက် နံနက် ၈ နာရီက ဇီးအုပ်စု ဇီးအုပ်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါ ရိတ်သိမ်းပွဲတွင် တွဲဖက်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းထွန်းက ပုလဲသွယ်စပါး စိုက်ပျိုးခြင်းနှင့် နည်းပညာများ ဆောင်ရွက်ထားရှိမှုတို့ကို တောင်သူများနှင့် ဆွေးနွေး

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းနေမည်

နေပြည်တော် မေ ၂၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက် လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းနေမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ဒိုက်ဦးမြို့နယ် သစ်တောဦးစီးဌာန ကျွန်းစိုက်ခင်းဧက ၂၀၀ ၌ မေ ၁၇ ရက်မှ စတင်စိုက်ပျိုးခဲ့သော ကျွန်းပင်များ ရှင်သန်ပေါက်ရောက်နေမှုကို မေ ၂၅ ရက်က တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြစဉ်။

(သစ်တောဦးစီး)

မြဝတီရုပ်မြင်သံကြား

၂၇-၅-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၈:၀၀ ၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅ ၂။ ဇာတ်လမ်းတို

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အနားသတ်မညီသော**
၁၃:၀၀ ၂။ ကျန်းမာသုတ
၁၃:၂၀ ၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ရှင်သန်နေသရွေ့** (အပိုင်း- ၂၉)

ညပိုင်း

၄:၁၅ ၁။ ဇာတ်လမ်းတို
၆:၀၀ ၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၃၀ ၃။ ဘဝကြေးမုံ
၇:၀၀ ၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထောင်စုနှစ်သမီးပျို** (အပိုင်း- ၂၂)
၈:၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆။ နိုင်ငံတကာသတင်း
၇။ မိုးလေဝသသတင်း
၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံများချစ်ခြင်းများဖြင့်** (အပိုင်း -၁)
၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရုဏ်ဦးရဲ့ လင်းသံစဉ်** (အပိုင်း -၃၁)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် လေ့လာရေးတောင်သူများသည် ခြောက်လသား သက်တမ်းရှိ မျိုးသန့်မျိုးပွား ကြံစိုက်ခင်း တစ်ဆက်တစ်စပ်တည်း ၁၀ ဧက စိုက်ကွင်းအတွင်း အသေးစိတ်ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းဆွေးနွေး

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုရှိ ငွေချည် (၆)ချည်မျှင်ရှည်ဝါ မျိုးသန့်မျိုးပွား ၁၀ ဧက စိုက်ခင်းသို့ ရောက်ရှိကြရာ ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဝါသီးနှံဌာနညွှန်ကြားရေးမှူး ဦးအောင်မော်တို့က လေ့လာရေး ရောက်ရှိလာကြသော ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်းမြို့နယ်များမှ ဝါစိုက်တောင်သူ ၇၅ ဦးတို့အား ချည်မျှင်ရှည်ဝါသီးလုံး လေးလုံးလျှင် တစ်ကျပ်သားဖြင့် တစ်ပင်လျှင် သီးလုံး ၄၀ အထက် သီးနေပြီး တစ်ဧက အပင် ၁၀၀၀၀ ခန့်ရှိသည့်အတွက် ပိဿာ ၁၀၀၀ အထက် သေချာစွာထွက်ရှိမည့် အခြေအနေများကို ဝါသီးလုံးများအား လက်တွေ့စစ်ဆေးရေတွက်၍ ရှင်းလင်းဆွေးနွေးကြသည်။

စိုက်ကွင်းအတွင်း၌ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက နိုင်ငံတော်၏ ဝတ်ရေးအတွက် အခြေခံသီးနှံအမယ်ဖြစ်သော အရည်အသွေးကောင်း ငွေချည် (၆)ဝါ မျိုးကောင်းမျိုးသန့်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စံနမူနာပြ စိုက်ကွင်းများထူထောင်ပြီး တောင်သူများအား စည်းရုံးပညာပေး ဆောင်ရွက်ရန်၊ စိုက်ဧကနှင့် အထွက်နှုန်းများ တိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ကြရန် အသေးစိတ်မှာကြားခဲ့ကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက လာရောက်လေ့လာကြသည့် မြို့နယ်(၃) မြို့နယ်မှ တောင်သူများအား တစ်ဧကလျှင် မျိုးစေ့သုံးပိဿာနှုန်းဖြင့် တစ်မြို့နယ်လျှင် ၁၀ ဧကစီ စိုက်ပျိုးနိုင်ရန် မျိုးစေ့ ပိဿာ ၉၀ ကို နမူနာ လက်ဆောင်အဖြစ်ပေးအပ်ပြီး ဝါစိုက်ခင်းများအတွင်း ကြည့်ရှုလေ့လာခဲ့ကြသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ (၂၅) ရက် မှ (၃၁) ရက်ထိ



ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် သရက်ခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် မေ ၂၆

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် မေ ၂၃ ရက်တွင် သရက်ခရိုင် မင်းတုန်းမြို့နယ် ကျောက်တိုင်ကျေးရွာ တိုက်နယ်ဆေးရုံဆောက်လုပ်ပြီးစီးမှုနှင့် မင်းတုန်းချောင်းတံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် မင်းတုန်းမြို့နယ် ပညာရေးမှူးရုံး၌ ၂၀၁၂-၂၀၁၃ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများသို့ ကျောင်းသုံးဗလာစာအုပ်များ အခမဲ့ဖြန့်ဝေထုတ်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြို့နယ်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ကံမမြို့နယ် မဒေရေလှောင်တမံအနီး ကွန်ကရစ်ရေလွှဲဆည် တည်ဆောက်နေမှုနှင့် အလယ်အလတ်ကျေးရွာအနီး ကွန်ကရစ်ရေသွယ်လျှောက် (FLUME) တည်ဆောက်ထားမှု၊ လက်ဝဲလက်တံမြောင်းဖောက်လုပ်နေမှုတို့ကို စစ်ဆေးသည်။

ထို့နောက် ကံမမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၂၄ ရက် နံနက်ပိုင်းတွင် သရက်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးနှင့် အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတို့၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူးရုံး၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများသို့ ကျောင်းသုံး ဗလာစာအုပ်များ အခမဲ့ဖြန့်ဝေထုတ်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကျောက်ပန်းတောင်းကျေးရွာ၌ သစ်ထုတ်လုပ်နေမှုအခြေအနေများနှင့် ကိုးပင်-သာဂရ ခရိုင်ချင်းဆက်လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မကွေးမြို့နယ်ရှိ ရောဝတီတံတား(မလွန်)ကို ကြည့်ရှုစစ်ဆေးပြီး မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၂၅ ရက် နံနက်ပိုင်းတွင် မကွေးမြို့ အထက(၁) ပန်းဟေဝန်ခန်းမ၌ ကျင်းပသည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားသို့ တက်ရောက်၍ ကျောင်းသုံးဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပြီး မကွေးမြို့ အထက(၂)၊ အထက(၃)၊ အလက (၄)ကျောင်းများ ကျောင်းအပ်နှံရေးနေ့ ကျောင်းအပ်နှံနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာရေးဆရာအသင်း ပြည်မြို့၌ ဖွဲ့စည်း

ပြည် မေ ၂၆

ပြည်မြို့နယ် စာရေးဆရာအသင်း ဖွဲ့စည်းခြင်းအခမ်းအနားကို မေ ၂၃ ရက် နံနက် ၈ နာရီက ကျောင်းကြီး/အိုးတန်းရပ် ရွှေကျောင်းကြီးဓမ္မာရုံ၌ ကျင်းပရာ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည် (ယဉ်ဝေလွင်-ပြည်)၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်လွင်ဦး (ရည်ဇော်မောင်-ပြည်)၊ အတွင်းရေးမှူး ဦးအောင်ဆန်းမင်း (မင်းယွန်း-ခေတ္တရာ)၊ တွဲဖက်အတွင်းရေးမှူး ဒေါ်သိန်းသိန်းဌေး (T.T.H)၊ ဘဏ္ဍာရေးမှူး ဦးရွှေဝင်း(မောင်ရွှေဝင်း-ပြည်)၊ စာရင်းစစ် ဒေါ်နန်းနန်း(နန်းမှုံဝေ)၊ စည်းရုံးရေးမှူး ဦးဇော်ဝင်း (ညီစျာန်) တို့ဖြင့် ဖွဲ့စည်းခဲ့ပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်နှင့် အတွင်းရေးမှူး ဦးအောင်ဆန်းမင်း တို့ဖြစ်ကြကြောင်း သိရှိရသည်။

(မြို့နယ်စာရေးဆရာအသင်း)

...င်းရေးလှူပ်ရှားမှု(၂၀၁၂)ဖွင့်ပွဲ ...န်ကြီးချုပ် တက်ရောက်

... မေ ၂၆

... ၂၅ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ...ခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ယင်းလုံ... ပေးအပ်သည်။

...အားပေး

...ည်သူ့ဆေးရုံသို့ သွားရောက်၍ ကလေးလူနာများအား ကြည့်ရှု...

...း‌စေတီတော်အား ဖူးမြော်ကြည်ညိုကာ ပြည်တော်သာ ကန်ဦး ...ည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

...စပ်မျိုးစပါး နွေစပါးစံကွက်ရိတ်သိမ်းပွဲ ပြည်မြို့၌ကျင်းပ

... မေ ၂၆

...ကြီး ပြည်ခရိုင် ...ခေတ္တရာဟသာ ဆန် ...ဂီ၏ ခေတ်မီစံပြ ...ပျိုးထားသော ပုလဲ ...ံကွက်ရိတ်သိမ်းပွဲကို မေ ၁၇ ရက် နံနက် ၈ နာရီက ဇီးအုပ်စု ဇီးအုပ်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါ ရိတ်သိမ်းပွဲတွင် တွဲဖက်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းထွန်းက ပုလဲသွယ်စပါး စိုက်ပျိုးခြင်းနှင့် နည်းပညာများ ဆောင်ရွက်ထားရှိမှုတို့ကို တောင်သူများနှင့် ဆွေးနွေးသည်။ စက်မှုလယ်ယာ တိုင်းဒေသကြီး ဦးစီးမှူး ဦးရွှေဝင်းက ခေတ်မီလယ်မြေဖော်ထုတ်ခြင်းဆိုင်ရာ လုပ်ငန်းများကို အသေးစိတ် ဆွေးနွေးပြီး တောင်သူများအား ရိတ်သိမ်းခြွေလှေ့စက် နှစ်စီးဖြင့် တစ်ဧကပြည့် စံကွက်ရိတ်သိမ်းခြွေလှေ့ပြသခဲ့ရာ စံကွက်၏ တစ်ဧကအထွက် တင်းမှာ ၁၇၃ တင်း ထွက်ရှိကြောင်း သိရှိရသည်။ (စိုက်ပျိုးရေး)

...သတိပေးနှိုးဆော်ချက်

...က်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ...ထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် ...စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ် ...းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိ ...ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွား ...း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ၁၉၉၉ ခုနှစ်မှစ၍ ၂၀၁၄ ခုနှစ်အထိ ၁၅ နှစ်စီမံကိန်းရေးဆွဲပြီး မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေး စသည့်ကဏ္ဍ(၃)ရပ်ဖြင့် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက် နံနက် ၁၁ နာရီက မြဝတီရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မြဝတီမူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီ အမှတ်(၅)ရပ်ကွက် မနောဟရီလမ်းရှိ ဝါဝါဝင်း လက်ဖက်ရည်ဆိုင်ရှေ့၌ စောင့်ဆိုင်းနေစဉ် အမှတ်(၅)ရပ်ကွက် ကျွန်းတောကွက်သစ်နေ သန်းဖေလေး (၃၇)နှစ် မောင်းနှင်လာသော ဆိုင်ကယ် အမှတ် ၇ယ/----- ဟွန်ဒါဒရင်း အနက်ရောင်ဆိုင်ကယ်အား သက်သေများနှင့်အတူ ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ရှာဖွေခဲ့ရာ ဆိုင်ကယ်ရှေ့ခြင်းအတွင်း ကန်စွန်းရွက်များဖြင့် ဖုံးအုပ်ထားသော Seed of Sunflower နှင့် Dapanfgzi စာတန်းပါ နေကြာစေ့အိတ်ခွံနှစ်ခုအတွင်းမှ အဝါရောင်စက္ကူတိပ်အပိုင်းအစနှစ်ခုဖြင့်ပတ်ထားသော အပြာရောင်ကပ်ခွာအိတ်နှစ်ခုအတွင်းမှ WY စာတန်းပါပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂ ပြားစီပါ နှစ်ထုပ် စုစုပေါင်း ၃၈၄ ပြား တန်ဖိုးငွေကျပ် ၁၉၂၀၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

သို့ဖြစ်၍ မြဝတီမြို့ အမှတ်(၅) ရပ်ကွက် ကျွန်းတောကွက်သစ်နေ သန်းဖေလေး(၃၇)နှစ်အား မြဝတီရဲစခန်း မယ(ပ) ၁၀/၂၀၁၂ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က) ဖြင့် အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရှိရသည်။

(ဆွေဆွေနိုင်-သတင်းစဉ်)

အားကစား

မြင့်တင်

စိတ်လန်းရွှင်

ဆန့်ကျင်

မူးယစ်ဆေး

ယင်းမာပင်မြို့နယ် မင်းကံကြီးကျေးရွာ၌ စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်

ယင်းမာပင် မေ ၂၆

မုံရွာခရိုင် ယင်းမာပင်မြို့နယ် မင်းကံကြီးကျေးရွာ ဆုထူးပန် ဘဝ အလင်းရောင်စာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ မတည်ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူများထည့်ဝင်ငွေဖြင့် ဆောက်လုပ်လျက်ရှိသည်။ စာကြည့်တိုက်ဆောက်လုပ်ရာသို့ မေ ၁၅ ရက်က မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးဝင်းနှင့်တာဝန်ရှိသူများရောက်ရှိပြီး စာကြည့်တိုက်ဆောက်လုပ်မှု သတ်မှတ်ချိန်တွင်းပြီးစီးရေး၊ စံချိန်မီသော စာကြည့်တိုက်အဆောက်အအုံအဖြစ် ဆောက်လုပ်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။(ယာပုံ) (မြို့နယ် ပြန်/ဆက်)



မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၂၆-၅-၂၀၁၂

ကိုလင်း ➢ စုစည်းသည်

လှိုင်သင်း၏ လူ့အတွေးအခေါ်သမိုင်း စာအုပ်ထွက်ရှိ

စာရေးသူလှိုင်သင်း၏ လူ့အတွေးအခေါ်သမိုင်းစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

ယင်းစာအုပ်တွင် အခန်း(၁) ပလေးတိုး၊ အခန်း(၂) အဲရီစတော့တယ်လ်နှင့် ဂရိသိပ္ပံပညာ၊ အခန်း (၃) ဖရန်စစ်ဘေးကင်၊ အခန်း(၄) စပီနိုးဇာ၊ အခန်း(၅) ဗော်လ်တဲယားနှင့် ပြင်သစ်ပြည်၏ ဉာဏ်အလင်းရောင်ခေတ်ဟူ၍ အခန်းငါးခန်းပါရှိသည်။ စာရေးသူက မူရင်းစာအုပ်မှာ အခန်း(၁၁)ခန်း ပါရှိကြောင်း၊ အခန်း(၆) မှစ၍ ကျန်သည်များကို အတွဲ(၂) အဖြစ် ထုတ်ဝေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

မူရင်းစာအုပ်မှာ The Story of Philosophy by will Durant ဖြစ်ကြောင်းသိရှိရသည်။ စာရေးသူလှိုင်သင်း၏ (၁၄)အုပ်မြောက် စာအုပ်ဖြစ်ကြောင်း၊ ယင်းစာအုပ်ကို ပါရမီစာပေ အမှတ်(၁၃၀) ၂၉ လမ်း ရန်ကုန်မြို့မှဖြန့်ချိပြီး တန်ဖိုး ငွေကျပ် ၆၀၀၀ဖြစ်ကြောင်း သိရှိရသည်။

မျိုးဇော်၏ တောင်ကိုရီးယားနိုင်ငံ ဘာကြောင့်အောင်မြင်ခဲ့သလဲ စာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးသူ မျိုးဇော်၏ တောင်ကိုရီးယားနိုင်ငံ ဘာကြောင့်တိုးတက်အောင်မြင်ခဲ့သလဲစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

မူရင်းစာအုပ်မှာ Policymaking on the front Lines Memoirs of a Korean Practitioner, (1945-79) by Chung -yum Kim ဖြစ်သည်။ အဆိုပါစာအုပ်တွင် ဗဟိုဘဏ်စီမံခန့်ခွဲသူ တစ်ယောက်အနေဖြင့် အောင်မြင်မှုရလဒ်ကောင်းများ ရရှိခဲ့သောနှစ်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၌ ဘဏ္ဍာရေးညွှန်ကြားရေးမှူးချုပ်အဖြစ် ထမ်းဆောင်ရခြင်း၊ ကိုရီးယား ဗဟိုထောက်လှမ်းရေးအေဂျင်စီ၌ လုပ်ကိုင်ခဲ့ရသည့် စိတ်ပျက်ဖွယ်ရာ ကောင်းသောနှစ်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ဒုတိယဝန်ကြီးအဖြစ် ပြန်လည်ရောက်ရှိခဲ့ခြင်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသို့ ဒုတိယဝန်ကြီး အဖြစ်ထမ်းဆောင်ခြင်း၊ ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခံရခြင်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသို့ တစ်ကျော့ပြန်၊ သမ္မတပတ်ချုံဟီး၏ Chief of Staff အဖြစ် မျှော်လင့်မထားသော ခန့်အပ်တာဝန် ပေးအပ်မှု စသည်ဖြင့် အခန်း ၁၂ ခန်းပါရှိသည်။

အဆိုပါစာအုပ်ကို ပြည့်စုံစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

ဒက္ခိဏလွင်ပြင်မှ ပျံ့လွင့်သံစဉ် စာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးဆရာ ရဲထက်၏ ဒက္ခိဏလွင်ပြင်မှ ပျံ့လွင့်သံစဉ်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ခရီးသွားဆောင်းပါးများ စုစည်းထားသည်။ ဝေသာလီပုံပြင်၊ နံ့သာဖြူပုတီးနှင့် နေပါလီပျို့ဖြူ လရောင်နှင့် ဟိမဝန္တာညာ၊ ဂင်္ဂါမြစ်ဆိပ်က ပုံပြင်မြို့တော်၊ ဂါယာမှတ်တမ်း အလွမ်းတစ်ပုဒ်၊ ဇေင်ကာနှင့် ဂိုအာကမ်းခြေ၊ သီပေါမင်း (သို့မဟုတ်) အသည်းနှလုံးကြေပြုန်းသော ဘုရင် စသည့် ဆောင်းပါးများကို ဖတ်ချင်စဖွယ်၊ ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည်။

အဆိုပါစာအုပ်ကို ရွှက်လှရိပ်စာပေ အမှတ်(၆၀) မြေညီထပ် မဟာဗန္ဓုလပန်းခြံလမ်း ဖုန်း-၀၁-၂၅၂၉၂၄ မှ တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

Multimedia စာသင်ကြားရေး နည်းပညာ စာအုပ်ထုတ်ဝေ



စာရေးသူ သရ (ICT) ပြုစုသော Multimedia စာသင်ကြားရေးနည်းပညာGrade1 (သူငယ်တန်းအဆင့်)အင်္ဂလိပ်စာ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် သူငယ်တန်းအဆင့် ပညာရေးဆိုင်ရာစာအုပ်ဖြစ်၍ သုံးနှစ်အရွယ်ကလေးများမှစတင်၍ သင်ယူနိုင်သည်။ အနာဂတ်ပညာရေးအတွက် အကောင်းဆုံးအထောက်အပံ့ဖြစ်စေမည့် Vedio CD စနစ်ဖြင့် ဖန်တီးထားပြီး ကာလာရောင်စုံဓာတ်ပုံများ ပါဝင်သည်။ ကလေးများစာသင်ပျော်၍ စာတော်စေရန်အတွက် အထူးစီစဉ်ထားသောစာအုပ်ဖြစ်ပြီး အိမ်သုံး VCD, DVD, EVD စက်များဖြင့် အလွယ်တကူသင်ကြားနိုင်ကြောင်း သိရသည်။ အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ၃၉ လမ်း (အထက်) ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၈၃၅နှင့် ၀၉-၅၀၅၆၈၄၃မှ ဖြန့်ချိထားသည်။

■ *ကျောဖုံးမှ*

ဂန့်ဂေါအထိ ကားလမ်းက ချောမွေ့နေသည်။ လမ်းအထူးအဖွဲ့ (၁၂)က လမ်းကြိတ်စက်ကားကြီး သုံးစီးဖြင့် ကတ္တရာခင်းနေရာ လမ်းသုတ်ရှာအနီးရှိ ကားလမ်းမှာ ချောမွေ့ပြောင်လက်နေသည်။

ခရီးမသွားမီက "ဂန့်ဂေါ-ဟားခါးလမ်းမှာ ဆိုးလွန်းလှသည်"ဟု ကြားခဲ့ရရာ တကယ်တမ်းသွားရောက်သောအခါ ကားလမ်းမှာ သာယာဖြောင့်ဖြူး၍ နေပေသည်။ ဟားခါးမှ နံနက် ၉ နာရီခွဲထွက်သော ဟားခါး-ဂန့်ဂေါ-မန္တလေး "တောင်ဇလပ်" လိုင်းကားမှာ ဂန့်ဂေါသို့ ညနေ ၄ နာရီခွဲရောက်ရမည့်အစား ညနေ ၃ နာရီတိတိတွင် ရောက်ရှိသွားခဲ့သည်။ လမ်းကလည်းကောင်း၊ ကားကလည်း ကောင်းသဖြင့် ခရီးမှာ ၁ နာရီခွဲ အချိန်သက်သာစွာဖြင့်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

"လမ်းမကောင်းတာ ဂျာနယ်တွေမှာ ရေးမဟဲ့" ဟု မောင်းတင်ထားခဲ့သော ကျွန်တော့်မှာ အထင်နှင့်အမြင်တက်တက်စင် လွဲချော်ခဲ့ရသည်။ ဂန့်ဂေါမြို့ရောက်တိုင်း "ဂန့်ဂေါ-ဟားခါးလမ်း မကောင်းဘူး" ဟူ၍သာ ကြားကြားနေခဲ့ရသည်။ တကယ်တမ်း သွားရောက်လေ့လာသောအခါ လမ်းတွေမှာ ထင်သည်ထက် ပိုကောင်းနေသည်ကို မျက်မြင်တွေ့ခဲ့ရသည်။

ချင်းပြည်နယ် ဖလမ်းမြို့သာမက ချင်းပြည်နယ်မြို့တော် ဟားခါးလမ်းများပါ လမ်းကောင်း၍ သွားလာရေး အဆင်ပြေလျက်ရှိသည်ကို တွေ့ရသည်။

ဟားခါးမြို့ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးအနီးတွင် လမ်းကြိတ်စက်ကြီးဖြင့် ကတ္တရာထပ်ပိုးလွှာခင်းနေသည်ကို ကြည့်ရှုလေ့လာ



မြို့တော် ဟားခါးအဝင် ဖလမ်း-ဟားခါးလမ်းမကြီးကို အဆင့်မြှင့်တင် ကတ္တရာထပ်ပိုးလွှာ ခင်းပေးနေစဉ်။

နေစဉ် အနီးရှိဒေသခံ ချင်းအမျိုးသမီးကြီးက "ဒီလိုပဲ နှစ်တိုင်း လမ်းခင်းပေးနေပါတယ်"ဟု ချင်းသံဝဲဝဲဖြင့် ဝမ်းသာအားရ ပြောပြပါသည်။

ကလေး-ဖလမ်း-ဟားခါးမိုင် ၁၂၀ ကျော်ခရီးတွင်လည်း ဖလမ်းနှင့် ဟားခါးအကြားကားလမ်းမှာ ကတ္တရာထပ်ပိုးလွှာများခင်းထားသဖြင့် သာယာဖြောင့်ဖြူးလျက်ရှိသည်။ ကလေးနှင့်ဖလမ်းကြား၊ ဗားလုံနှင့် ကလေးအကြား မိုင် ၄၀ အတွင်း၌သာ အချို့နေရာများတွင် ကတ္တရာပေါက်၊ မြေပြို၍ လမ်းပိတ်ဆို့နေသည်ကိုတွေ့ခဲ့ရသည်။ မြေပြိုသောနေရာ၌ မြေထိန်းနံရံများ ပြုပြင်ထားသည်ကိုလည်း တွေ့ခဲ့ရသည်။ ဗားလုံနှင့်ဖလမ်းကြား မိုင် ၄၀ ခရီးမှာမူ ကတ္တရာထပ်ပိုးလွှာခင်းထားသဖြင့် လမ်းသည် သာယာဖြောင့်ဖြူးနေပေသည်။ ထို့ကြောင့် ကလေးမှ နံနက် ၄ နာရီထွက်ခဲ့သော "ရွှေခြင်္သေ့လိုင်းကား" သည် ဖလမ်းသို့ အချိန်ကိုက် မွန်းတည့် ၁၂နာရီ တိတိပုံမှန်ရောက်နေကျအတိုင်း ရောက်ရှိခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမှုကြောင့် ဘေးမသီရန်မခဘဲ လိုရာခရီးသို့ အလွယ်တကူ ရောက်ရှိခဲ့ရသည်။

ယမန်နှစ်က သိုင်းငင်းနှင့် လေသာတောင် သွားရောက်ခဲ့ရာ သိုင်းငင်းနှင့် တီးတိန်သွားကားလမ်းမှာ မကောင်းလှပါ။ ယမန်နှစ်ကမူ တစ်ခေါက် ရောက်ခဲ့ပြန်ရာ သိုင်းငင်းနှင့် တီးတိန်သွား ကားလမ်းမှာ တိုးချဲ့ပြုပြင်ထားသဖြင့် လမ်းကောင်းနေပါပြီ။ လေသာတောင်ခြေရင်းကို ကွေ့ပတ်ဖောက်ထားသော တီးတိန်လမ်းမှာ သာယာလျက်ရှိသည်ကို တွေ့ခဲ့ရသည်။

ယနေ့ ချင်းပြည်နယ်တွင် ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်ခရိုင်၌ မင်းတပ်- ကျောက်ထုသွားကားလမ်းကို မင်းတပ်မြို့ ဆောက်လုပ်ရေးလုပ်ငန်းကလည်းကောင်း၊ ချင်းပြည်နယ် မြောက်ပိုင်းတွင်ကလေး-ဖလမ်း-ဟားခါးလမ်းနှင့် ကလေး-တီးတိန်လမ်းတို့ကို ဖလမ်းမြို့တွင်ရုံးစိုက်၍ ချင်းပြည်နယ် လမ်းများကို ပြုပြင်ဖောက်လုပ်ပေးလျက်ရှိသော လမ်းအထူးအဖွဲ့ (၁၁)က လည်းကောင်း၊ ချင်းပြည်နယ်မြို့တော် ဟားခါးမှ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော ဟားခါး-ဂန့်ဂေါလမ်းမကြီးကို လမ်းအထူးအဖွဲ့(၁၂)က လည်းကောင်းလမ်းများကို ကတ္တရာခင်းပြုပြင်တိုးချဲ့ ဖောက်လုပ်ပေးလျက်ရှိသောကြောင့် ချင်းတိုင်းရင်းသားတို့နေထိုင်ရာ ချင်းပြည်နယ်ရှိ လမ်းများမှာ ဖြောင့်ဖြူး သာယာလျက်ရှိပါကြောင်း ကွင်းဆင်းရေးသားတင်ပြလိုက်ရပါသည်။ ။

တောင်ကိုပတ်၍ ဖြောင့်တန်းစွာ ဖောက်လုပ်ထားသော ဂန့်ဂေါ-ဟားခါးလမ်းမကြီးကို ရှုမငြီးဖွယ်တွေ့ရစဉ်။



ကျေးလက်ဒေသဖွံ့ဖြိုးရေး ပျိုးပင်များဖြန့်ဝေပေး

တောင်ငူ မေ ၂၆

တောင်ငူမြို့နယ် သစ်တောဦးစီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပျိုးပင်များဖြန့်ဝေခြင်း အခမ်းအနားကို မေ ၂၃ ရက် နံနက် ၉ နာရီက ကေတုမတီမြို့သစ် အထကကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တောင်ငူမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးစိုင်းခွန်ဖုန်းက သစ်တောဥပဒေဆိုင်ရာအချက်အလက်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သစ်ပင်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကေတုမတီမြို့သစ် တပင်ရွှေထီးရပ်ကွက်၊ နတ်သျှင်နောင်ရပ်ကွက်၊ မင်းကြီးဆွေရပ်ကွက်နှင့် သဝန်ငယ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများက သိလိုသည်များကို မေးမြန်းကြသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ရွာတစ်ဧက၊ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ တစ်အိမ်ထောင် သစ်မာပင် ၂၀အတွက် ကျွန်းပျိုးပင် ၈၀၀ နှင့် ယူကလစ်ပျိုးပင် ၁၈၀၀ ကို ပထမအကြိမ်အဖြစ် ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ)(သစ်တောဦးစီးဌာန)

တာချီလိတ်၌ ကျောင်းအပ်နှံမှုစတင်

တာချီလိတ် မေ ၂၆

၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများကို မေ ၂၅ ရက်က စတင်ဆောင်ရွက်လျက်ရှိရာ တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ နံနက် ၇ နာရီမှ စတင်ကာ ကျောင်းသား ကျောင်းသူများကို ကျောင်းသားမိဘများက ကျောင်းအပ်နှံခဲ့ကြသည်။ အဆိုပါ ကျောင်းအပ်နှံခြင်းကို တာချီလိတ်မြို့နယ်ပညာရေးမှူး ဒေါ်ဌေးဌေး၊ ကျောင်းအုပ်ဆရာကြီး ဦးစိန်ထွန်းလှနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရှိရသည်။ (၀၆၀)

မြန်မာ့အလင်း မှု ခင်း သ တင်း ၂၆-၅-၂၀၁၂

လောင်းကစားမှုများ ဖမ်းဆီးအရေးယူ

မေ ၂၄ ရက် မွန်းလွဲ ၂ နာရီ မိနစ်၂၀ က မြောင်းမြရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် မြောင်းမြမြို့နယ် ညောင်တုန်းကျေးရွာနေ မမြဝင်း အသက် ၄၀ (ဘ)ဦးမောင်ရှိန်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘင်ဂိုလောင်းကစားနေကြသော မမြဝင်း၊ ဂျိမ်း ၂၂ နှစ် (ဘ)ဦးမောင်ချစ်၊ ယာကုတ် ၂၈ နှစ် (ဘ)ဦးမောင်ချစ်၊ တီးသာ ၂၃ နှစ် (ဘ)ဦးမန်းဂုတ်တို၊ သိန်းအောင် ၅၈ နှစ် (ဘ)ဦးသိန်းဖြူ၊ ပေါလူး (ခ) စိန်ပေါလ် ၃၇ နှစ်၊ စောဦး ၃၇ နှစ်(ဘ)ဦးဂျိုးဇက်၊ မေရီ (ခ)ရှုပ္ပား ၃၆ နှစ် (ဘ)ဦးမန်းဂျာနက်၊ မစံပယ် ၃၀ (ဘ)ဦးတင်အေး၊ မမိုးမိုး ၃၈ နှစ် (ဘ)ဦးမောင်မောင်၊ မိုးလေး ၃၆ နှစ် (ဘ)ဦးမောင်နန်းဆင်တို့အား ဘင်ဂို လောင်းကစားမှုများ ပြုလုပ်နေကြစဉ် လောင်းကစားပစ္စည်းများ၊ လောင်းကြေး ငွေကျပ် ၉၆၀၀ နှင့် အတူ သိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၂၄ ရက် ညနေ ၃ နာရီ မိနစ် ၄၀ တွင် ဘိုကလေးမြို့နယ် စက်ဆန်းရဲစခန်းမှ ဒုရဲအုပ် ကျော်စိုးနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် မယ်တော်စုကျေးရွာနေ မသန္တာခိုင် ၃၃ နှစ် (ဘ)ဦးခင်မောင်မြင့်၏ လက်ဖက်ရည်ဆိုင်၌ ဘင်ဂိုလောင်းကစားနေကြောင်း သတင်းအရ ဝင်ရောက်ဖမ်းဆီးရာ မသန္တာခိုင်၊ ဆန်းဦး ၄၀ (ဘ)ဦးမြသန်း၊ မင်းသူရထွန်း ၂၀ (ဘ)ဦးသက်နိုင်၊ နိုင်လင်း ၂၁နှစ် (ဘ)ဦးမောင်စိန်၊ ဇော်နိုင်ဝင်း ၂၇ နှစ် (ဘ)ဦးပွင့်စိန်၊ မချိုမာ ၃၅ နှစ် (ဘ)ဦးလှရွှေ၊ ဖျာပုံကမ်းသာယာနေ ခင်မောင်မြင့် ၅၀ (ဘ)ဦးသန်းကြီးအပါအဝင် ဘင်ဂိုလောင်းကစားနေကြသူများအား လောင်းကစားပစ္စည်းများနှင့် လောင်းကြေးငွေကျပ် ၆၂၀၀ ကို သိမ်းဆည်းရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရှိရသည်။ (၀၇၇)

အုတ်ကျင်းရေကန်ထဲ ရေဆင်းကူးသူ ကလေးနှစ်ဦး ရေနစ်သေဆုံး

ကန်ကြီးထောင့်မြို့နယ် အပင်နှစ်ဆယ်ကျေးရွာကွက်သစ်နေ မောင်သော်ဇင်ဖြိုး ၁၃ နှစ်(ဘ-ဦးစိုးထွန်း) နှင့် မောင်ကိုလွင် ရှစ်နှစ် (ဘ-ဦးမောင်လွင်)ကျောင်းသားလေး နှစ်ဦးသည် မေ ၁၆ ရက် ညနေ ၃ နာရီက အပင်နှစ်ဆယ်ဈေးမှ နေအိမ်သို့ ပြန်ကြရာ ကွက်သစ်အနီးတွင် အုတ်ဖုတ်ရန် တူးထားသည့် အုတ်ကျင်းရေကန်ထဲ နှစ်ဦးသားရေဆင်းချိုးကြရာမှ ရေနစ်သေဆုံးသွားခဲ့သည်။ ယင်းသေဆုံးမှုနှင့် စပ်လျဉ်း၍ ကန်ကြီးထောင့်မြို့နယ်ရဲစခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ (၀၇၇)

မိုးညှင်းမြို့နယ်၌ မိုးလွတ် ပဲပုပ်၊ မြေပဲအောင်မြင်

မိုးညှင်း မေ ၂၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် မေ ၂၅ ရက်အထိ မိုးရေချိန် တစ်လက်မသာ ရွာသွန်းပြီး အပူချိန်မြင့်တက်လျက်ရှိသည်။ နှစ် ၃၀ အတွင်း မိုးခေါင်ခြင်းကို ယခု မေလ၌ ကြုံတွေ့ရခြင်းပင်ဖြစ်ကြောင်း ဒေသခံတို့က ဆိုကြသည်။

အောင်မြင်ဖြစ်ထွန်း

*ယခုနှစ် မြေပဲနှင့် ပဲပုပ်စိုက်တောင်သူတို့ မိုးလွတ်ကင်းစွာ နုတ်သိမ်းလုပ်ကိုင်ဆောင်ရွက်ကြရသဖြင့် **(ယာပုံ)** မြေပဲ နှင့် ပဲပုပ်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ပဲပုပ် တစ်တင်းလျှင် ကျပ် ၁၀၀၀၀၊ မြေပဲတစ်တင်းလျှင် ကျပ် ၆၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။*

(၀၆၃)

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ သာကေတမြို့နယ်၌ ကျင်းပ

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော် ပရဝဏ်အတွင်းရှိ "ဝိမုတ္တိရသ" ဓမ္မဗိမာန်တော်ကြီး၌ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ ကြီးမှူးကျင်းပသော ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို သာကေတမြို့နယ် သံဃနာယကအဖွဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သာသနာရေးဦးစီးဌာနနှင့် မြို့နယ်ဗုဒ္ဓဘာသာယဉ်ကျေးမှုကော်မတီတို့က ပူးပေါင်း၍ မေ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပလျက်ရှိသည်။

အဆိုပါစာမေးပွဲတွင် ယဉ်ကျေးမှု ကျင့်ဝတ်ဘာသာ ဖြေဆိုသူ ၂၄၃ ဦး၊ ဗုဒ္ဓဘာသာ၊ မြန်မာစာဘာသာ ဖြေဆိုသူ ၂၈ ဦးနှင့် အခြေခံအဘိဓမ္မာဘာသာဖြေဆိုသူ ၂၈ ဦးတို့ ဝင်ရောက်ဖြေဆိုကြကြောင်း သိရှိရသည်။ (၀၂၀)

မီးဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှု စစ်ဆေး

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့မှ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်သူဉာဏ်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ လက်ထောက်အင်ဂျင်နီယာ ဦးငွေဖြိုးအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးမှ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းနှင့် ဝန်ထမ်းများ၊ ငမိုးရိပ်စံပြဈေးကြီးမှ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများပူးပေါင်းပါဝင်သော မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့သည် မေ ၂၄ ရက် နံနက် ၈ နာရီခွဲမှ ၁၀ နာရီ ခွဲအထိ သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်စံပြဈေးကြီးနှင့် ဈေး၏မြေညီထပ် ပထမထပ်နှင့် အပေါ်ဆုံးထပ် ဆိုင်ခန်းများ၌ လျှပ်စစ်သွယ်တန်းမှု စနစ်တကျရှိစေရေး၊ သတ်မှတ်ထားသော မီးဘေးကြိုတင်ကာကွယ်ရေးများ ဆောင်ရွက်ထားရှိမှုများကို လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ (၀၂၅)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ကြံသီးနှံဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်၏အရေးကြီးသော သီးနှံဖြစ်

ကြံစိုက်ဧကတိုးချဲ့ရေးသာမက အထွက်နှုန်းတိုးရေး စိုက်နည်းစနစ်နှင့် မျိုးပြောင်းလဲစိုက်ပျိုး

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာအနီးရှိ တစ်ဧကပျမ်းမျှတန် ၆၀ အထက် ထွက်ရှိနိုင်မည့် အထူးအထွက်တိုး ကြံမျိုးသန့်မျိုးပွား ၁၀ ဧက စိုက်ခင်း၌ ပျဉ်းမနား၊ ရေတာရှည်၊ မြို့လှမြို့နယ်များရှိ သကြားစက်ရုံများမှ ကြံစိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူ ၁၁၀ တို့အား ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၆

လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ရွှေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာအနီးရှိ တစ်ဧက ပျမ်းမျှတန် ၆၀ အထက် ထွက်ရှိနိုင်မည့် အထူးအထွက်တိုး ကြံမျိုးသန့်မျိုးပွား ၁၀ ဧက စိုက်ခင်းသို့ ရောက်ရှိပြီး ပျဉ်းမနား၊ ရေတာရှည်၊ မြို့လှမြို့နယ်များရှိ သကြားစက်ရုံများမှ ကြံစိုက်ပျိုးရေး ဝန်ထမ်းများနှင့် တောင်သူ ၁၁၀ တို့အား တွေ့ဆုံအမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကြံသီးနှံဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်၏ အရေးကြီးသော သီးနှံဖြစ်ကြောင်း၊ လက်ရှိ ကြံစိုက်ဧကများကို အထူးအထွက်တိုးကြံများ ပြောင်းလဲ၍

စာမျက်နှာ ၈ ကော်လံ ၅ ❖

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ပီကာဆို၏ အကြီးဆုံးပန်းချီကားပြင်သစ်၌ ပထမဆုံးပြသမည်

စာ-၅



တိုက်စစ်မှူး ဘာဘာတော့ဗ်ပီအက်စ်ဂျီသို့ ပြောင်းရွှေ့မည်

စာ-၆



ဖက်ရှင်ဆိုင်တွေထောင်ဖို့ကြိုးစားနေတဲ့ ဗစ်တိုးရီးယားဘက်ခမ်း

စာ-၇



အာကာသအတွင်း လွင့်မျောနေသော ဂြိုဟ်သစ်တွေ့ရှိ

လန်ဒန် မေ ၂၆

*အာကာသစကြဝဠာအတွင်း ကြယ်တာရာများနှင့် ဂြိုဟ်များအကြား လွင့်မျောနေသောဂြိုဟ်တစ်ခု **(အပေါ်ပုံ)** ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဗြိတိန်အာကာသသုတေသနပညာရှင်များက မေ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။*

ယင်းဂြိုဟ်မှာ လွန်ခဲ့သည့် နှစ်သန်းပေါင်းများစွာကတည်းက ဖြစ်တည်နေခဲ့သော ဂြိုဟ်တစ်ခုဖြစ်ပြီး ကမ္ဘာဂြိုဟ်အရွယ်အစားခန့်ရှိကြောင်း၊ ယခင်က တွေ့ရှိခဲ့သော ကမ္ဘာဂြိုဟ်အရွယ်အစားခန့်ရှိသည့် ဂြိုဟ်ထက် အရွယ်အစားအနည်းငယ်သေးကြောင်း ၎င်းတို့က ပြောကြားသည်။ ယခုတွေ့ရှိရသည့်ဂြိုဟ်မှာ သက်တမ်းရင့် ဂြိုဟ်တစ်ခုဖြစ်ပြီး နေစကြဝဠာဖွဲ့စည်းဖြစ်တည်ပြီးနောက် နှစ်ပေါင်း ၅ သန်းခန့်က ဖြစ်တည်ခဲ့သည့် ဂြိုဟ်ဖြစ်သည်ဟု ၎င်းတို့က ယူဆလျက်ရှိသည်။ ယင်းဂြိုဟ်ကို ယခင်ကမတွေ့ရှိခဲ့ရသဖြင့် ပျောက်ဆုံးနေသောဂြိုဟ်ဟုလည်း အာကာသသိပ္ပံပညာရှင်များက ပြောကြားလျက်ရှိသည်။ အဆိုပါဂြိုဟ်၏ မျက်နှာပြင်ပေါ်တွင် ဖုန်မှုန့်ကဲ့သို့သောအရာများ၊ အခိုးအငွေ့များဖြင့် ဖွဲ့စည်းဖြစ်တည်နေကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့ကဆိုသည်။

ယင်းဂြိုဟ်သည် အာကာသအတွင်း လွတ်လပ်စွာ လွင့်မျောလျက်ရှိသော်လည်း အခြားဂြိုဟ်နှင့် ကြယ်တာရာများကို ထိပ်တိုက်ထိတွေ့မှုရှိခဲ့ခြင်းအနေအထား မတွေ့ရှိရကြောင်း၊ လက်ရှိအခြေအနေတွင်လည်း ထိုသို့ ထိခိုက်နိုင်မည့်အလားအလာ လောလောဆယ် မရှိနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။ သို့သော် ၎င်းဂြိုဟ်သစ်နှင့်ပတ်သက်ပြီး လေ့လာသုတေသနပြုလုပ်မှုများ ဆက်လက်ဆောင်ရွက်ရန်လိုအပ်ကြောင်း သတင်း၌ဖော်ပြသည်။ ***(အင်တာနက်)***

ဘာစီလိုနာတို့ စပိန်ဘုရင့်ဖလားဆွတ်ခူး

မက်ဒရစ် မေ ၂၆

စပိန်ဘုရင့်ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဘီလ်ဘာအိုနှင့် ဘာစီလိုနာတို့ မေ ၂၆ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာက သုံးဂိုးပြတ်ဖြင့်နိုင်ပြီး စပိန်ဘုရင့်ဖလားကို ကိုင်မြှောက်အောင်ပွဲခံခဲ့ကြသည်။ **(ယာပုံ)**

ဘာစီလိုနာအသင်းသည် ယခုနှစ်၌ စပိန်လာလီဂါဖလားနှင့် ချန်ပီယံလိဂ်ဖလားများကို လက်လွှတ်ဆုံးရှုံးခဲ့သဖြင့် ယခုပွဲ၌ ဖလားရရှိရေး အစွမ်းကုန်ကြိုးစားအားထုတ်ခဲ့သည်။ ဘာစီလိုနာတို့ ပွဲစတင်သည်နှင့် တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲအစ သုံးမိနစ်၌ပင် ရိုဒရီကွက်ဇ်က ဘာစီလိုနာအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ထို့နောက် ဘာစီလိုနာတို့ ဂိုးထပ်မံသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ

ပွဲချိန်မိနစ် ၂၀ ၌ မက်ဆီက တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ မက်ဆီ၏ ယခုဂိုးသည် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းအတွက် ၇၃ ဂိုးမြောက်သွင်းဂိုးလည်းဖြစ်ခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၅ ●

သွားလပ်သာပြီး လာလပ်ပြောင့်နေသော ချင်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံမှတ်တမ်း
ကလေး-ဝင်းသူ

နေပြည်တော် မေ ၂၆

ယခုအခါ ချင်းပြည်နယ် တောင်ပိုင်းရော မြောက်ပိုင်းပါ ကတ္တရာ ကားလမ်းသစ်များဖြင့် ဖူးပွင့်ဝေဆာ အလှဖြာလျက်ရှိသည်ကို စာရေးသူ ခရီးသွားရင်း တွေ့ရှိခဲ့ရသည်။

ယမန်နှစ်က ဆောမြို့နယ် ပိန္နဲရွာက ကျောက်ဘုရားသို့သွားရင်း ချင်းပြည်နယ် တောင်ပိုင်းရှိ မင်းတပ်မြို့သို့ ဆိုင်ကယ်ဖြင့် ခရီးဆက်ခဲ့ရာ ကျောက်ထု-မင်းတပ်သွား ကားလမ်းမှာ သနပ်ခါးကျောက်ပြင်ကဲ့သို့ ပြောင်လက်ချောမွေ့လျက်ရှိသည်ကို တွေ့ခဲ့ရသည်။ ကျောက်ထု-မင်းတပ် ၁၈ မိုင်ခရီးကို တစ်နာရီသာ ဆိုင်ကယ်စီးရသည်။ လမ်းတွေက ကောင်းလှ၏။

ယခု ၂၀၁၂ ခုနှစ် မတ်လ အတွင်းကလည်း ဖလမ်းမြို့သို့ စာပေဟောပြောရန် သွားရောက်ခဲ့ရာ ဖလမ်းမြို့ကိုသာမက ချင်းပြည်နယ် ဟားခါးမြို့အထိပါ ခရီးဆက်နိုင်ခဲ့သည်။ ဟားခါးမှ

စာမျက်နှာ ၁၀ ကော်လံ ၁ ■

လေသာတောင်ကိုပတ်၍ ဖောက်လုပ်ထားသော ချင်းပြည်နယ်ရှိ ကလေး-သိုင်းငင်း-တီးတိန်သွား ကားလမ်းကို ဤသို့ တွေ့ခဲ့ရသည်။